ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းဂုဏ်တို့ဖြင့် ပြည့်စုံ**

သူတော်ကောင်းတို့ ဂုဏ်ရနံ့ကား ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊ သီလမြဲမြံခြင်း၊ ကောင်းသော သဘောရှိခြင်း၊ ဝန်တိုမှုကင်းခြင်း၊ လှူဒါန်းစွန့်ကြဲခြင်းတို့ပင်ဖြစ်၏။ ထိုဂုဏ်သတင်းကို လူနတ်တို့ ချီးမွမ်းပြောဆိုကြကုန်၏။ သူတော်ကောင်းဟူသည် ထိုဂုဏ်တို့ဖြင့် ပြည့်စုံရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၅)

၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ 26, Tuesday July 2016 (၈၆၃၄)



အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။ (သတင်းစဉ်)

# အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများ၏ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

ဗီယင်ကျန်း ဇူလိုင် ၂၅

**လာအိုနိုင်ငံ၌ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများ၏ ဝန်ကြီးအဆင့်အစည်းအဝေးဖြစ်သည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သည်။**

အာဆီယံ-တရုတ်ဝန်ကြီးအဆင့်အစည်းအဝေးကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပရာ အာဆီယံ-တရုတ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရေးတွင် တရုတ်နိုင်ငံက ဆက်လက်ကူညီထောက်ပံ့သွားရေး၊ တရုတ်နိုင်ငံ အနေဖြင့် အာဆီယံ-တရုတ်ဆက်သွယ်မှု 2+7 Cooperation Framework ကို ဆောင်ရွက်သွားရေး၊ အထူးသဖြင့် ASEAN Infrastructure Investment Bank(AIIB) တည်ထောင်နိုင်ရေး၊ ၂၀၁၆ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ဗီယင်ကျန်းမြို့၌ အာဆီယံ-တရုတ် Commemorative Summit ကျင်းပသွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများ စတင်ကျင်းပ

သတင်း စာမျက်နှာ » ၄၊ ၅





ကြေးမုံ

# နည်းပညာကိုအကျိုးရှိရှိအသုံးချမှ အကျိုးဖြစ်ထွန်း

မျက်မှောက်ကာလ ခေတ်မီတိုးတက်သောနည်းပညာခေတ်တွင် လူငယ်လူရွယ်တို့ လူမှုကွန်ရက်စာမျက်နှာများကို ပိုမိုအသုံးချလာသည်မှာ သဘာဝပင်ဖြစ်သည်။ ယနေ့အချိန်အခါတွင် လူမှုကွန်ရက်၏ ထိရောက်ပျံ့နှံ့မှုနှင့် လူမှုဘဝအချင်းချင်း ချိတ်ဆက်မှုမြန်ဆန်ခြင်း၊ အကျိုးသက်ရောက်မှုရှိခြင်းနှင့် အားလပ်သောတဒင်္ဂအချိန်အတွက် အကျိုးဖြစ်ခြင်းတို့ကြောင့် လူငယ်လူရွယ်တို့သာမက သက်ကြီးရွယ်အိုများ၊ အမှုထမ်းများ၊ အဆင့်မြင့်လက်ကိုင်ဖုန်းရှိသူ လူထုလူတန်းစားအားလုံး ရသည့်အချိန်တိုင်း အသုံးပြုလာကြသည်ကို တွေ့ရသည်။

သို့သော် သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး ဆိုသကဲ့သို့ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အကျိုးမရှိသော ဆက်ဆံမှုများ၊ မမှန်သတင်းများ၊ မကောင်းသတင်းများနှင့် အချိန်ဖြုန်းသည့် ဖေ့စ်ဘွတ်သုံးခြင်း၊ ဂိမ်းကစားခြင်းများသာ ပြုလုပ်နေမည်ဆိုပါက အချိန်ကုန်၊ ငွေကုန်နှင့် မိမိအတွက်သာ နစ်နာမှုရှိမည်ဖြစ်သည်။ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အကျိုးရှိ၊ တန်ဖိုးရှိသောအကြောင်းအရာအချက်အလက်များ များစွာရှိနေသည်။ ယင်းတို့ကို ဖတ်ရှုလေ့လာခြင်း၊ မျှဝေပေးခြင်းဖြင့် တန်ဖိုးရှိအောင် အသုံးချတတ်ဖို့လိုသည်။ အထူးသဖြင့် မိမိ၏တန်ဖိုးရှိသောအချိန်တို့ကို မထိခိုက်ဖို့လိုသည်။

မကြာသေးမီရက်ပိုင်းအတွင်းက ရဲတပ်ဖွဲ့ဝင်များ တာဝန်ချိန်တွင် ဂိမ်းမကစားရန် အင်ဒိုနီးရှားအစိုးရက ညွှန်ကြားခဲ့ပြီး တပ်မတော်သားများကိုလည်း တားမြစ်ထားကြောင်း သိရသည်။ စမတ်ဖုန်းဂိမ်းသည် လုံခြုံရေးအတွက် အန္တရာယ်တစ်ခုဖြစ်သည်ဟု သတိပေးထားသည်။ လွန်ခဲ့သော သီတင်းနှစ်ပတ်က စတင်မိတ်ဆက်ခဲ့သော ဂိမ်းတစ်မျိုးမှာ ကမ္ဘာတစ်ဝန်းလူကြိုက်များလာခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအတွင်း ထိန်းမနိုင်သိမ်းမရ ဆော့ကစားလာကြပြီးနောက် ရာဇဝတ်မှုများ၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများ၊ နည်းပညာမြင့်မားသော စွမ်းရည်များကို သူလျှိုလုပ်ရန်အသုံးချနိုင်မှုများ ရှိလာသည်ဟုဆိုသည်။ ထို့ကြောင့် စစ်ဘက်ဆိုင်ရာအမှုထမ်းအားလုံးကို ဂိမ်းမကစားရန် တားမြစ်တော့မည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

တကယ်တမ်းတွင် ဖေ့စ်ဘွတ်ပေါ်စက အသက်(၁၃)နှစ်အောက်ကလေးများ သုံးစွဲခွင့်မရှိချေ။ သုံးစွဲမရအောင်လည်း ဖေ့စ်ဘွတ်က တရားဝင်ကန့်သတ်ထားသည်။ သို့သော် ကမ္ဘာပေါ်ရှိကလေးသူငယ် သန်း ၂၀ ခန့် ဖေ့စ်ဘွတ်သုံးစွဲနေကြသည်။ ယင်းတို့အနက် ကလေးသူငယ် ၇ ဒသမ ၅ သန်းမှာ အသက်(၁၃)နှစ်အောက်ကလေးသူငယ်များဖြစ်နေပြီး ငါးသန်းခန့်မှာ အသက်(၁၀)နှစ်အောက် ကလေးများဖြစ်နေသည်ဟုဆိုသည်။ ကလေးသူငယ်များမှာ ဖေ့စ်ဘွတ်လုံးဝမသုံးစွဲသင့်ချေ။ အဘယ်ကြောင့်ဆိုသော် ဖေ့စ်ဘွတ်ပေါ်တွင် အချို့လူမှုကွန်ရက်တို့၌ ရိုင်းပြသောအပြုအမူပြောဆိုမှုများ၊ အမြင်မတင့်ဖွယ်ရာ ညစ်ညမ်းမှုများ ပါနေသောကြောင့် အသိဉာဏ်ဖွံ့ဖြိုးစ ကလေးသူငယ်များ အတုယူမှားကာ ပျက်စီးမှုများနှင့် ကြုံတွေ့နိုင်သောကြောင့်ဖြစ်သည်။

အသက်မပြည့်သောကလေးသူငယ်များမှာ မိဘများ၏အလိုလိုက်မှုကြောင့် ဖေ့စ်ဘွတ်ပေါ်သို့ရောက်လာခြင်းဖြစ်သည်။ မိန်းကလေးငယ်ရွယ်သူများအတွက်လည်း ဖေ့စ်ဘွတ်အသုံးပြုရာတွင် အလွန်အရေးကြီးသည်။ အထူးသဖြင့် တစ်ယောက်နှင့်တစ်ယောက် ချိုးမွမ်းခြင်းများပြုလုပ်ကြသည်။ လူကြိုက်အောင်၊ နာမည်ကြီးအောင် လုပ်တတ်ကြသည်။ ထိုအခါ ချိုးမွမ်းမခံရသော ကျန်မိန်းကလေးငယ်က စိတ်ဓာတ်သိမ်ငယ်မှုများဖြစ်လာတတ်သည်။ ပို၍အထူးသတိထားရမည်မှာ အင်တာနက်စာမျက်နှာများပေါ်တွင် ငယ်ရွယ်သူမိန်းကလေးငယ်များကို ပစ်မှတ်ထားသည့် လိင်ပိုင်းဆိုင်ရာ မတော်မလျော်စကားများ၊ ဓာတ်ပုံများ ဖြန့်ဝေပေးလေ့ရှိသည်။ ယင်းတို့ကို မြင်တွေ့ပြီး တိတ်တဆိတ်သာယာမိပါက အဆိုပါမိန်းကလေးမှာ ပျက်စီးခြင်းလမ်းပေါ်သို့ရောက်ရန် သေချာသလောက်ရှိတတ်သည်။

အများစုဖြစ်တတ်သည်မှာ အချိန်ကုန်ဆုံးခြင်းပင်ဖြစ်သည်။ မိမိတို့အတွက် လုပ်ဆောင်သင့်သည်များရှိပါလျက် မိမိတို့၏ကိုယ်ပိုင်အချိန်၊ အလုပ်ချိန်တို့တွင် အကျိုးမရှိသော ဖေ့စ်ဘွတ်သုံးစွဲနေကြခြင်းဖြစ်သည်။ အမှန်တကယ်တွင် လုပ်ငန်းခွင်အတွင်း ဖေ့စ်ဘွတ်သုံးစွဲခြင်းမပြုသင့်ပေ။ လုပ်ငန်းခွင်တွင် မိမိအလုပ်ကိုသာလုပ်ကိုင်ရမည်ဖြစ်ပြီး အလုပ်အားလပ်ပါကလည်း အလုပ်နှင့်သက်ဆိုင်ရာသာ ကြံစည်တွေးတော ပြောဆိုစိတ်ကူးသင့်သည်။ တာဝန်ချိန်ကို မျက်ကွယ်ပြုပြီး ဖေ့စ်ဘွတ်သုံးစွဲသောကြောင့် အင်ဒိုနီးရှားနိုင်ငံရှိ လုံခြုံရေး၊ ကာကွယ်ရေး အဖွဲ့အစည်းများအား ဖေ့စ်ဘွတ်သုံးစွဲမှုကို တားမြစ်ခြင်းမှာ လျော်ကန်သင့်မြတ်သည်ဟု ဆိုနိုင်သည်။

လက်တွေ့တွင် မိမိတို့၏ကလေးငယ်များ ဖေ့စ်ဘွတ်သုံးစွဲမည်ဆိုပါကလည်း မိဘများက မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာနေသင့်သည်။ ကလေးငယ်များအား ဖေ့စ်ဘွတ်သုံးစွဲခြင်းကို ဟန့်တားရန်မဟုတ်ဘဲ ပြင်ပကမ္ဘာနှင့်လည်း ထိတွေ့ဆက်ဆံတတ်အောင် အားပေးသင့်သည်။ ပန်းခြံများ၊ ကစားကွင်းများ၊ အခြားစိတ်ဝင်စားဖွယ်ရာ ပြင်ပနေရာများသို့ သွားရောက်စေသင့်သည်။ သူငယ်ချင်းများနှင့်လည်း ထိတွေ့ဆက်ဆံပေါင်းသင်းနေထိုင်တတ်အောင်လည်း လမ်းပြသင့်သည်။ ဖေ့စ်ဘွတ်ကို အလွန်အကျွံအသုံးပြုလျှင် ကျန်းမာရေးကိုပင် တစ်နေ့နေ့တွင် ထိခိုက်လာနိုင်သည်။ ပြင်ပကမ္ဘာတွင် သွားလာလှုပ်ရှားထိတွေ့ဆက်ဆံတတ်ပါက ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း၊ လူမှုဆက်ဆံရေးကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်။

ထို့ကြောင့် တိုးတက်လာသော နည်းပညာခေတ်တွင် လူသားအားလုံးအနေဖြင့် အွန်လိုင်းစာမျက်နှာများကို ထိတွေ့အသုံးပြုလာကြသည်မှာ သဘာဝကျသည်မှန်သော်လည်း မိမိတို့အတွက် အချိန်၊ ငွေ၊ အကျိုးရှိမှုတို့ကို ဆင်ခြင်သုံးသပ်ပြီး အကျိုးများသောလုပ်ဆောင်မှုများကို လုပ်ဆောင်တတ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ။

# အမျိုးသားစာပေဆုသည် နိုင်ငံတော်ကချီးမြှင့်သည့် အမြင့်ဆုံးစာပေဆုဖြစ် ယခုနှစ် အကောင်းဆုံးရွေးချယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၂၅**

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် သဘောထားအယူအဆ မတူညီခြင်းများ၊ ပြင်ဆင်လိုသည့် ကိစ္စရပ်များကို ယခုဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်းညှိနှိုင်းဆွေးနွေးကြစေလိုကြောင်း၊ အမျိုးသားစာပေဆုသည် နိုင်ငံတော်ကချီးမြှင့်သည့် အမြင့်ဆုံးစာပေဆုဖြစ်သည့်အတွက် ကော်မတီက အများလက်ခံမည့်သူကို ရွေးချယ်၍ ထိုက်ထိုက်တန်တန် ဆုရရှိစေလိုကြောင်း၊ ကော်မတီဝင်များအနေဖြင့် ဆုရွေးချယ်ရာတွင် အများသဘောတူညီချက်ဖြင့် ဆုံးဖြတ်ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များတွေ့ဆုံစဉ် ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရာတွင် ၂၀၁၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် ဘာသာရပ်ဆိုင်ရာစာအုပ်များကို မကျန်ရှိစေဘဲ စုံစုံလင်လင်ရရှိရွေးချယ်စေလိုကြောင်း၊ ဘာသာရပ်အလိုက်ရွေးချယ်ရန် ကျန်ရှိနေသည့် စာအုပ်များကို စာအုပ်ဝယ်ယူရရှိရေးအဖွဲ့ ဖွဲ့စည်းပြီး သတ်မှတ်အချိန်ကာလအတွင်းရရှိရန် ဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်ပေါ်ကဗျာဆု ဆုပေးနိုင်ရေးအတွက် အများသဘောတူညီချက်များဖြင့် စဉ်းစားဆုံးဖြတ်ဆွေးနွေးကြစေလိုကြောင်း၊ ယခုနှစ် အမျိုးသားစာပေဆုကို အကောင်းဆုံးရွေးချယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက ဆုရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ နိုင်ငံရေးစာပေဖတ်ကြားမည့် စာတမ်းရှင်များနှင့်တွေ့ဆုံပြီး နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးကြသည်။

**သတင်း- ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# မီနီမာရသွန် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်

**ကျောက်မဲ ဇူလိုင် ၂၅**

အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းအခြေပြု မီနီမာရသွန်အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပသည်။

ကျောင်းအခြေပြု မီနီမာရသွန်အားကစားပြိုင်ပွဲကို ကျောက်မဲမြို့ နန္ဒမာလာပန်းခြံရှေ့ စုရပ်မှ နံနက် ၆ နာရီတွင် စတင်တာလွှတ်၍ မြို့တော်ခန်းမရှေ့ထိ ယှဉ်ပြိုင်ပန်းဝင်စေခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ကျောက်မဲမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၁၅၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပန်းတိုင်သို့ ဦးဆုံးရောက်ရှိသည့် ကျောင်းသား ၂၀ နှင့် ကျောင်းသူ ၂၀ စုစုပေါင်း ၄၀ တို့ကို ဆုသတ်မှတ်၍ နံနက် ၇ နာရီတွင် မြို့ကျက်သရေဆောင်ခန်းမ၌ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**





ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတေးလျ၊ ရုရှားနှင့် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံ



**ဗီယင်ကျန်း ဇူလိုင် ၂၅**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဩစတေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Julie Bishop MP နှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း**(ဝဲပုံ)**၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavorov နှင့် ညနေ ၆ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Ri Yong Ho နှင့် ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၅/၂၀၁၆
၁၃၇၈ ခုနှစ်၊ ဝါဆိုပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

**တိုင်းဒေသကြီးဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

**✱ ရှေ့ဖုံးမှ**

ထို့အပြင် ၂၀၁၆ ခုနှစ်တွင် အာဆီယံ-တရုတ်လူငယ်များ အပြန်အလှန်ပညာသင်စေလွှတ်နိုင်ရေး၊ ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သည့်အနေဖြင့် ၂၀၁၇ ခုနှစ်ကို အာဆီယံ-တရုတ် ခရီးသွားနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ရေး ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ကနေဒါ၊ အာဆီယံ-ဂျပန်၊ အာဆီယံ-ဩစတေးလျ၊ အာဆီယံ-အမေရိကန်အစည်းအဝေးများသို့ တက်ရောက်သည်။

အာဆီယံ-ကနေဒါ ဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံ-ကနေဒါ ကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် စွမ်းရည်မြှင့်တင်မှုဆိုင်ရာ အစီအစဉ်များပူးပေါင်းဆောင်ရွက်ရေး၊ ကနေဒါနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် သံတမန်ဆက်သွယ်မှုမြှင့်တင်ရေး၊ ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် အကြိမ်(၄၀)မြောက် အာဆီယံ-ကနေဒါ Dialogue Relations ကျင်းပနိုင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

အာဆီယံ-ဂျပန် ဝန်ကြီးများအဆင့် အစည်းအဝေးတွင် အာဆီယံဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ အထူးသဖြင့် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် စက်မှုကဏ္ဍ၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် အာဆီယံ-ဩစတေးလျ ဝန်ကြီးအဆင့်အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဆောင်ရွက်ပြီး အမှာစကားပြောကြားရာတွင် လူမှု၊ ယဉ်ကျေးမှုနယ်ပယ်တွင် ကျောင်းသားများ အပြန်အလှန်ဖလှယ်မှု အစီအစဉ်၊ ပြည်သူချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်းဖြင့် ဒေသနှစ်ခုအကြား ချိတ်ဆက်ရေးတို့ကို ဆောင်ရွက်ရန် အရေးကြီးကြောင်းပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံ-ဩစတေးလျ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(၉)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းနှင့် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၀)တို့ကို ဆွေးနွေးကြသည်။

(၉)ကြိမ်မြောက် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် မဲခေါင်-ဂျပန် မဟာဗျူဟာသစ် (၂၀၁၅) နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး မဲခေါင်-ဂျပန် ပေါင်းစည်းဆောင်ရွက်ရေးအစီအစဉ်၊ မဲခေါင်-ဂျပန်လုပ်ငန်းစီမံချက်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အာဆီယံ-နယူးဇီလန် ဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံ-နယူးဇီလန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Saleumxay KOMMASIT ကတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

# နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းနိုင်မည့် လွှတ်တော်တာဝန်များကို ရိုးရိုးသားသားနှင့် အပြုသဘောဆောင် တိုင်ပင်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုသည့် ဆန္ဒ၊ နိုင်ငံသားပြည်သူများ လူမှုစီးပွားရေးအခြေအနေများ ဘဝလုံခြုံမှု ရှိစေလိုသည့်ဆန္ဒ၊ ရည်မှန်းချက်များ တူညီစွာရှိကြမည် ဖြစ်ပါကြောင်း၊ ထိုသို့ တူညီသည့်ဆန္ဒ၊ ရည်မှန်းချက်များ ရှိကြသည်နှင့်အညီ နိုင်ငံသားပြည်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းနိုင်မည့် ဥပဒေပြုရေးအပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းတာဝန်များကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းနှင့် အပြုသဘောဆောင် တိုင်ပင်ဆွေးနွေးပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။


ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပစဉ်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ်လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်အမျိုးအစားအလိုက် အကောင်အထည်ဖော်နိုင်မှုကို စိစစ်ရာတွင် သတ်မှတ်လျာထားချက်ကို ပြည့်မီကျော်လွန်အောင် ကောက်ခံနိုင်ခဲ့သည့် အခွန် (၁၁)မျိုးနှင့် လျာထားချက်ထက် လျော့နည်းရရှိခဲ့သည့် အခွန် (၇)မျိုးရှိသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စု၏ အခွန်ဘဏ္ဍာရငွေများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးလျက်ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ပြဋ္ဌာန်းသည့် အထူးကုန်စည်ခွန် ဥပဒေအရ ကောက်ခံရငွေမှ ၁၅ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရငွေမှ ၁၅ ရာခိုင်နှုန်းတို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ အခွန်ဝေစုအဖြစ် ခွဲဝေပေးလျက်ရှိပြီး ဝင်ငွေခွန်ကောက်ခံရငွေမှ ၅ ရာခိုင်နှုန်းနှင့် အပိုတံဆိပ်ခေါင်းခွန် ကောက်ခံရရှိငွေ ၂ ရာခိုင်နှုန်းကိုလည်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေသို့ ခွဲဝေပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဝင်ငွေ အပြည့်အဝရရှိရေး၊ သင့်တင့်မျှတပြီး ပြည်သူများလိုက်နာထမ်းဆောင်နိုင်သော အခွန်နှုန်းထားများဖြစ်စေရေး၊ ပြည်သူများ အခွန်ဆိုင်ရာအသိပညာ၊ ဗဟုသုတတိုးပွားပြီး အခွန်ကိုလိုလားစွာ ထမ်းဆောင်လာစေရေး၊ နိုင်ငံတကာ စံနှုန်းများနှင့် လျော်ညီသောအခွန်စနစ်ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှုများ ပပျောက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် အခွန်ဝန်ထမ်းများ၏ စိတ်ထားခံယူချက်၊ လုပ်ဆောင်ချက်များ ပြုပြင်ပြောင်းလဲရေး၊ ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရေး၊ အခွန်ပညာပေးမှု ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတကာအဆင့်မီ အခွန်စနစ်ဖြစ်ပေါ်လာစေရေးတို့အတွက် ပြည်ပမှ ကျွမ်းကျင်သူများ အကူအညီကိုပါရယူ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်ထမ်းပြည်သူများဘက်မှလည်း နိုင်ငံတော်၏ အခွန်တာဝန်ကို လိုလားစွာ ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ်လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေ ရှင်းလင်းတင်ပြချက်နှင့် ပတ်သက်၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း (ပြင်ဆင်ချက်)နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အခမ့ခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် ၂၉ (၁၉၃၀)၏ နောက်ဆက်တွဲစာချုပ်နှင့် အဓမ္မစေခိုင်းမှု ပပျောက်ရေးအတွက် နောက်ဆက်တွဲ လုပ်ငန်းစဉ်များဆိုင်ရာ တိုက်တွန်းချက်အမှတ် ၂၀၃ တို့အား မှတ်တမ်းတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက "(၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ"က အတည်ပြုချမှတ်ခဲ့သည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ၏ နောက်ဆက်တွဲစာချုပ်နှင့် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် နောက်ဆက်တွဲ လုပ်ငန်းစဉ်များဆိုင်ရာ တိုက်တွန်းချက် အမှတ် ၂၀၃ တို့ကို ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအနေဖြင့် ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်ကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ အာဆီယံနိုင်ငံတွေနဲ့အတူ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်နေ

ဗီယင်ကျန်း ဇူလိုင် ၂၅

**(၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းအား အစည်းအဝေးတက်ရောက်နေမှုနှင့်ပတ်သက်၍ မေးမြန်းထားပါသည် -**

ဆွေးနွေးပွဲမှာ တရုတ်နိုင်ငံဘက်ကနေပြီးတော့ မြန်မာနဲ့ တရုတ်ဟာ အိမ်နီးနားချင်း နိုင်ငံဖြစ်တယ်။ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို သူတို့အလေးထားတယ်။ တရုတ်နိုင်ငံရဲ့ ဝန်ကြီးချုပ် လီခချန်းက နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကို တရုတ်နိုင်ငံကို အလည်အပတ်လာရောက်ဖို့ ဖိတ်ခေါ်တယ်ဆိုတာ သူတို့က တရားဝင် ပြောလာပါတယ်။

ဒီနေ့ မနက်မှာတော့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီ အစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ မွန်းလွဲပိုင်းမှာတော့ သီးသန့် အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အာဆီယံအစည်းအဝေးကို တက်တဲ့အထဲမှာ သူ့ရဲ့ပထမဦးဆုံး အစည်းအဝေးဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် အာဆီယံရဲ့အနာဂတ်ကို သူဘယ်လိုမြင်တယ်ဆိုတာကို အဓိကထားပြီး ပြောသွားပါတယ်။


ဦးအောင်လင်း
အမြဲတမ်း
အတွင်းဝန်၊
ညွှန်ကြားရေး
မှူးချုပ်
အာဆီယံ
ရေးရာဦးစီးဌာန

အာဆီယံအနေနဲ့ အားလုံးစည်းလုံးညီညွတ်ဖို့ လိုအပ်တယ်။ စည်းလုံးညီညွတ်မှသာ အာဆီယံရဲ့ပုံရိပ်ဟာ ကမ္ဘာ့နိုင်ငံတွေနဲ့ ဆက်ဆံတဲ့အခါမှာ လေးစားမှုကို ခံယူရရှိမှာ ဖြစ်တယ်။ ခံယူနိုင်မယ်ဆိုတာကို အလေးထားပြောသွားပါတယ်။ ဒီနေ့အစည်းအဝေးမှာ မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အားလျော်စွာ အစိုးရသစ်တာဝန်ယူတဲ့အချိန်မှာလည်း နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးတစ်ဦးအနေနဲ့ သူ အာဆီယံကို ဘယ်လိုမြင်တယ်၊ ဆက်လက်ပြီးတော့ အာဆီယံအသိုက်အဝန်း ထူထောင်ရေးမှာ ဘယ်လိုပါဝင်မယ် ဆိုတာကို အာဆီယံ နိုင်ငံခြားရေးဝန်ကြီးတွေကို ပြောကြားခွင့်ရတဲ့အတွက် ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိတဲ့ အစည်းအဝေးဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

တောင်တရုတ်ပင်လယ် ကိစ္စမှာလည်း အာဆီယံနဲ့ တရုတ်ဆက်ဆံရေးမှာ အဓိကအခန်းကဏ္ဍမှာပါတဲ့ဟာ မဟုတ်ပါဘူး။ အစိတ်အပိုင်းလေးတစ်ခုသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်ကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ အာဆီယံနိုင်ငံတွေနဲ့အတူတူ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်တဲ့ကိစ္စကို အခုလည်းလုပ်မယ်၊ နောင်အနာဂတ်မှာလည်း ဆက်လက်ဆောင်ရွက်သွားမယ် ဆိုတာကို တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကို ထပ်လောင်းပြီးတော့ ပြောကြားခဲ့ပါတယ်။

**(သတင်းအဖွဲ့)**

# 2600 MHz Auction Framework ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် Stakeholder များနှင့် ညှိနှိုင်းဆွေးနွေးချက်များအရ ပြန်လည်ရေးဆွဲထားသည့် 2600 MHz Auction Framework အား ထုတ်ပြန် ကြေညာပြီးဖြစ်ပါသဖြင့် အသေးစိတ် အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.motc.gov.mm/news/ptd-news တွင် Download ရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Expression of Interest(EoI) အား ဩဂုတ် ၉ ရက်တွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး ယခင် EoI တင်သွင်းပြီးဖြစ်သည့် လိုင်စင်ရရှိသူများအနေဖြင့်လည်း ထပ်မံပေးပို့တင်သွင်းရန် လိုအပ်မည်ဖြစ်ပါသည်။

**ဆက်သွယ်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၅**
ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် သုံးပေခန့်၊ ဖောင်းပြင်မြို့တွင် သုံးပေခွဲခန့်၊ မော်လိုက်မြို့တွင် လေးပေခန့်၊ ကလေးဝမြို့နှင့် ကနီမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေများသည် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် တစ်ပေခန့်၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့တွင် တစ်ပေခန့်နှင့် ကနီမြို့တွင် ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုချက် ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# ရထားရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၅**
ရထားရဲတပ်ဖွဲ့ အမှတ်(၁၃)တပ်ခွဲ (ရန်ကုန်)မှ ခေတ္တရန်ကုန်ရထားရဲစခန်းမှူး ရဲအုပ်စိန်ဝင်း ဦးဆောင်၍ ရထားရဲတပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားဝန်ထမ်းများ ပူးပေါင်းကာ ဇူလိုင် ၂၃ ရက်က ရက် ၁၀၀ စီမံချက်ကာလအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးများအတွက် ရန်ကုန်ဘူတာတွဲစီယာဒ်ဝင်းအတွင်း ခိုး/ဆိုး/နှိုက်ကျူးလွန်သူများ မပုန်းအောင်းနိုင်ရေး၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ရှောင်တိမ်းပုန်းခိုမှု မရှိစေရေးနှင့် ပေါက်ကွဲပျက်စီးစေနိုင်သည့် အရာဝတ္ထုများ တစ်စုံတစ်ရာချထားနိုင်သည့် ချုံနွယ်သစ်ပင်များအား ရှင်းလင်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်သူ့ဆန္ဒသဘောထားများကို လက်တွေ့ဆောင်ရွက်ရာတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ရန် အထူးအရေးကြီး

**နေပြည်တော် ဇူလိုင် ၂၅**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ စတင်ကျင်းပရာ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ကတိသစ္စာပြုခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ကြယ်ပွင့်ပြမေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသည့် ဥပဒေကြမ်းနှစ်ခုကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးဖြစ်သည့် ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်တို့က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်သူ့ဆန္ဒသဘောထားများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ပြည်သူလူထုခံစားနေရသည့်အခက်အခဲများ၊ အကျပ်အတည်းများ၊ ပြဿနာများအား မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများအဖြစ် ပြောင်းလဲပြီး လွှတ်တော်တွင် တင်သွင်းဆောင်ရွက်ကြရခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ကြရာတွင် ကောင်းစေချင်သည့် စိတ်ရင်းစေတနာအမှန်ဖြင့် ဆောင်ရွက်ကြသည်ဆိုခြင်းကို နားလည်သော်လည်း ကိုယ်စားလှယ်များသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ နည်းမှန်လမ်းမှန်ဖြင့် ဆောင်ရွက်သွားကြရန် အထူးအရေးကြီးသည်ကို ပြောကြားလိုပါကြောင်း၊ ပြည်သူများက အားကိုးယုံကြည်စွာ ရွေးချယ်တာဝန်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် အရည်အချင်းပြည့်ဝနေမှသာ ဥပဒေပြုရေးမဏ္ဍိုင်၏ ဂုဏ်သိက္ခာ ဆက်လက်မြင့်မားနေမည်ဖြစ်ပြီး လွှတ်တော်၏အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်ကို ပီပြင်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ **မင်းကင်းမြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို မည်သည့်အတွက်ကြောင့် ကြန့်ကြာရသည်၊ မည်သည့်အချိန်တွင် ဓာတ်အားဖြန့်ဖြူးမှုဆောင်ရွက်နိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မင်းကင်းမြို့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ ဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်း ၆၆ ဒသမ ၇ မိုင်နှင့် မင်းကင်းဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းအတွက် ဝယ်ယူထားသောပစ္စည်းများ ရောက်ရှိထားသော်လည်း ၂၀၁၅ ခုနှစ် မိုးရာသီတွင် မိုးများ၍ လမ်းများ ပျက်စီးပြီး ကားများသွားလာ၍မရသဖြင့် ပစ္စည်းများကို လုပ်ငန်းခွင်သို့ ပို့ဆောင်၍မရခြင်း၊ ဓာတ်အားလိုင်းတည်ဆောက်ရန် တောင်ကုန်း၊ တောင်တန်းများကို ဖြတ်သန်းရခြင်းနှင့် တောင်ထိပ်ပေါ်သို့ ကွန်ကရစ်တိုင်များကို ခက်ခဲစွာ သယ်ယူရခြင်း၊ စီမံကိန်းအတွက် လျာထားရန်ပုံငွေ လုံလောက်စွာမရရှိခြင်း စသည်တို့ကြောင့် ကြန့်ကြာရခြင်းဖြစ်ပါကြောင်း။

ထို့အပြင် ဓာတ်အားလိုင်းတည်ဆောက်မည့် လမ်းအူကြောင်းသည် ချင်းတွင်းမြစ်ကျော်တာဝါကြီးများ ဖြတ်သန်းတည်ဆောက်ရမည်ဖြစ်သဖြင့် မြစ်ကျော်တာဝါတိုင်ကြီးများအား ဒီဇိုင်းရေးဆွဲ၍ အမြန်ရရှိအောင် စီမံဆောင်ရွက်ခဲ့ရပါကြောင်း၊ ယနေ့အထိ ၆၆ ကေဗွီ ဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုမှာ ၇၂ ဒသမ ၈၃ ရာခိုင်နှုန်းနှင့် မင်းကင်းဓာတ်အားခွဲရုံမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း၊ ယခုနှစ်မိုးရာသီတွင်လည်း မိုးများသည်းထန်စွာရွာသွန်း၍ တည်ဆောက်ရေးလုပ်ငန်းများအား ခက်ခဲစွာ ဆောင်ရွက်နေရပါသဖြင့် မင်းကင်းမြို့သို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ခန့်တွင် ဓာတ်အားဖြန့်ဖြူးနိုင်ရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။



ဦးမောင်မြင့်



ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ **မဏိပူရစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ဒေသခံများနှင့် နိုင်ငံတော်အတွက် ရေရှည်တွင် အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသဖြင့် ပြည်သူလူထုအတွင်း ပွင့်လင်းမြင်သာစွာချပြပြီး ဆောင်ရွက်ရန် ရှိ မရှိ သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မဏိပူရစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ယခင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်ကာ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင် နိုင်ငံတော်သမ္မတ၏ စစ်ကိုင်းတိုင်းဒေသကြီး ရေကြီးမှုဖြစ်စဉ်သို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း မဏိပူရစီမံကိန်း၏ တာတမံပိုင်းဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းပိုင်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသဖြင့် စိန်အင်တာပရိုက်ကုမ္ပဏီ၊ China Harbour Engineering Co.Ltd၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေး၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြ အတည်ပြုချက်ရယူပြီးပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် **မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဒဏ်ခံနေရခြင်းအပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့်အစီအမံကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရန်ကုန်တိုင်းဒေသကြီး သုံးခွနှင့် ခရမ်းမြို့နယ်များတွင် တည်ဆောက်ထားသော ရေထိန်းတံခါးများ၊ ရေနုတ်မြောင်းများ၊ ရေငန်တားတာများသည် ဒေသနေပြည်သူများအတွက် ရေချိုပေးပို့ရန်၊ ရေချိုထိန်းသိမ်းရန်၊ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် မိုးရာသီရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် စသည့်အချက်များအပေါ်အခြေခံ၍ တည်ဆောက်ပေးထားခြင်းဖြစ်၍ မူလတည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များအတိုင်း အကျိုးပြုနိုင်စေရန်အတွက် ရေထိန်းတံခါးများ အကြီးစားပြုပြင်ပေးခြင်း၊ ဆက်စပ်ရေနုတ်မြောင်းများနှင့် ရေသွင်း၊ ရေထုတ်မြောင်းများ တူးဖော်ပေးခြင်းဖြင့် သုံးခွနှင့် ခရမ်းမြို့နယ်အတွင်းမှ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေနိုင်မည်ဖြစ်သောကြောင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရန်ပုံငွေရရှိမှုအပေါ်အခြေခံကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှုများပြားသော စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြန်လည်ထူထောင်ရေးအတွက် စုစုပေါင်း ထွန်စက်အစီး ၈၀ ဖြင့် သဲ၊ ကျောက်၊ သစ်တုံးဖယ်ရှားခြင်း ၁၆၁၆ ဧက၊ နုန်းဖယ်ခြင်း ၂၅၆၃ နာရီ၊ ကန်သင်းဖော်မြေညှိခြင်း ၆၇၀၅ ဧက၊ မိုးစပါးစိုက်ပျိုးရန် ၆၁၆၂ ဧက ထွန်ယက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် ဆောင်းသီးနှံစိုက်ပျိုးရန် ၁၃၆၅၃ ဧက ထွန်ယက်ခြင်း၊ ရေနစ်ပျက်စီးခဲ့သော တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများဖြစ်သော ထွန်စက် ၁၂ စီး၊ လက်တွန်းထွန်စက် ၁၂၃၉ စီး၊ ရေစုပ်စက် ၁၇၇ လုံးတို့ကို ဌာနရှိ ကျွမ်းကျင်ပြင်ဆင်ရေးဝန်ထမ်းများဖြင့် ကျေးရွာများသို့ကွင်းဆင်း၍ ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထွန်စက်အသစ် ၇၅ စီး ထပ်မံဖြည့်ဆည်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မိုးစပါးစိုက်ပျိုးနိုင်ရန် ၁၄၇၀၁ ဧကကို ကန်သင်းဖော်မြေညှိခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကွေးတိုင်းဒေသကြီးတွင် စုစုပေါင်းထွန်စက် အစီး ၆၀ ဖြင့် မိုးစပါးစိုက်ပျိုးရန် ၆၉၁၂ ဧက ထွန်ယက်ခြင်းနှင့် လုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ရန် ထွန်စက်အသစ် ၃၅ စီး ထပ်မံဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်ဒေသများဖြစ်သော ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်းနှင့် ဘူးသီးတောင်မြို့နယ်များရှိ ထိခိုက်ပျက်စီးသွားသော လယ်မြေများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် ထွန်စက် ၂၅ စီးနှင့် တောင်သူများအတွက်လိုအပ်သော ဒေါင်ဖန်း လက်တွန်းထွန်စက် အစီး ၁၀၀ ကို ရန်ကုန်မှ ကျောက်တော်မြို့သို့ ရေကြောင်းခရီးဖြင့်ပေးပို့ခဲ့ပြီး မိုးစပါးစိုက်ပျိုးရန် ဧက ၁၂၈၀ ထွန်ယက်ပေးခဲ့ပါကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက်လည်း လုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ရန် ထွန်စက်အသစ် အစီး ၂၀ ထပ်မံဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် တောင်သူလယ်သမားများအား ချေးငွေထုတ်ချေးရန် ရန်ပုံငွေခွင့်ပြုချက်များရရှိပြီးဖြစ်၍ ၂၀၁၆ မိုးချေးငွေများကို ၂၀၁၆ ခုနှစ် မေလ ၁၆ ရက်နေ့မှ စတင်ထုတ်ချေးနေပြီဖြစ်ကြောင်းနှင့် ယခင်က မိုးစပါး တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ ယခုနှစ်မှစ၍ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ပိုမိုထုတ်ချေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးသွားသောသီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် မျိုးအတွက်လိုအပ်သည့်ငွေများကို နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေတို့မှ ငွေကျပ် ၈၁၁ ဒသမ ၁၀၂ သန်း ပံ့ပိုးပေးခဲ့ပါကြောင်း။

ထို့အတူ နိုင်ငံတော်သမ္မတ၏သီးသန့်ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေတို့မှ ကယားပြည်နယ်တွင် ငွေကျပ် ၇ ဒသမ ၉၃၂ သန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ငွေကျပ် ၁၂၃၄ ဒသမ ၀၉၃ သန်း၊ မကွေးတိုင်းဒေသကြီးတွင် ငွေကျပ် ၄၀၆ ဒသမ ၀၅၈ သန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂၄ သန်း၊ မွန်ပြည်နယ်တွင် ငွေကျပ် ၃ ဒသမ ၅၀ သန်း၊ ရခိုင်ပြည်နယ်တွင် ငွေကျပ် ၁၆၈၈ ဒသမ ၄၃၀ သန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် သန်း ၃၀ နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ငွေကျပ် သန်း ၃၀ စုစုပေါင်းငွေကျပ် ၄၂၁၈ ဒသမ ၆၃၉ သန်းကို ထောက်ပံ့ငွေအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ထောက်ခံတင်ပြချက်များဖြင့် ပံ့ပိုးကူညီခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ ၂၀၁၅ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံနှင့်အဝှမ်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် စိုက်ပျိုးသီးနှံများ၊ ရွှံ့ညွန်သဲများ၊ သစ်တုံးကြီးများ ဖုံးလွှမ်းသွား၍ စိုက်ပျိုးရန်ခက်ခဲသွားသည့် လယ်ယာမြေများနှင့် ဆုံးရှုံးနစ်နာခဲ့ရသည့် ကာယကံရှင် တောင်သူလယ်သမားများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့သောပံ့ပိုးကူညီမှုအစီအမံများ ပြုလုပ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်ခမ်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် ရပ်ကွက်/ကျေးရွာများတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက်မူးယစ်ဆေးဝါးများသုံးစွဲသည့် ချောင်ကျသောနေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးမှုများ ရပ်ကွက်/ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသပျိုးထောင်ပေးသည့်စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့်အဆိုကို တင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

# အစိုးရရုံးတွင် မီးလုံးတစ်လုံးကျွမ်းသွားသည်

## ဦးဟန်ညွန့်(ဉပဒေ)

**Day(1)**
မီးလုံးတစ်လုံး အသစ်လဲလှယ်တပ်ဆင်ပေးပါရန် လေးစားစွာ အစီရင်ခံအပ်ပါသည်။ အငယ်တန်းစာရေးက ရေးတင်သည်။

**Day(2)**
အငယ်တန်းစာရေးရေးတင်သည့် စာကို စာဝင်၊ စာထွက်တွင် တံဆိပ်တုံးထုပြီး စာနံပါတ်တပ်သည်။

**Day(3)**
စာနံပါတ်တပ်ပြီးသားစာကို ဌာနခွဲစာရေးကြီး စားပွဲမှာ တင်သည်။

**Day(4)**
ဌာနခွဲစာရေးကြီးက မီးလုံးကျွမ်းသွားသည်ကို မှန်ကန်ကြောင်း မှတ်ချက်ရေးသည်။

**Day(5)**
ဌာနမှူးရုံးခန်းရှေ့ရှိ စာရေးထံထိုစာရောက်လာသည်။ ဌာနမှူး တိုင်းရုံးတွင် အစည်းအဝေးသွားနေသဖြင့် နောက်နေ့မှ လက်မှတ်ထိုးနိုင်မည်။

**Day(6)**
ဌာနမှူးမှ မှတ်ချက်ရေးသည်။ မီးလုံးကို စာလုံးပေါင်းရာ "မီးလုန်း"ဖြစ်နေသဖြင့် စာအသစ်ရေးတင်ပါ။

**Day(7) to Day(12)**
**(တစ်ပတ်ခန့်ကြာပြီးနောက်)**
စာလုံးပေါင်း ပြုပြင်ပြီး အဆင့်ဆင့် ပြန်တင်သည်။

**Day(13)**
မီးလုံးအသစ်လဲလှယ်ရန် ခွင့်ပြုကြောင်း ဌာနမှူးက မှတ်ချက်ပေးသည်။

**Day(14)**
ဌာနမှူးခွင့်ပြုမိန့်ပါသည်။ စာနှင့်တွဲပြီး မီးလုံးအသစ်ဝယ်ယူရန် ခွင့်ပြုချက်ရပြီဖြစ်ပါသဖြင့် လိုအပ်သည့် ကျသင့်ငွေထုတ်ပေးပါရန် အငယ်တန်းစာရေးက ငွေစာရင်းဌာနသို့ လိပ်မူပြီး စာရေးတင်သည်။

**Day(15)**
တံဆိပ်တုံးနှိပ်ပြီး စာနံပါတ်တပ်သည်။

**Day(16)**
ငွေစာရင်းမှ ဌာနခွဲစာရေးက မှတ်ချက်ရေးပြီး ငွေစာရင်းအရာရှိထံ ရေးတင်သည်။

**Day(17)**
ငွေစာရင်းအရာရှိမှ မီးလုံးဝယ်ယူရန် ငွေထုတ်ယူခွင့်ပြုကြောင်း လက်မှတ်ထိုးသည်။

**Day(18)**
ငွေစာရင်းအရာရှိ၏ လက်မှတ်ကိုပြပြီး ငွေကိုင်စာရေးထံတွင် ငွေထုတ်လွှာပုံစံဖြည့်ပြီး ငွေထုတ်ယူသည်။

**Day(19)**
၁၉ရက်မြောက်နေ့တွင် ကျွမ်းသွားသော မီးလုံးတစ်လုံးအား အောင်မြင်စွာ အစားထိုးတပ်ဆင်ပြီးသွားပါကြောင်း။

**သုံးသပ်ချက်**
ကျွမ်းသွားသော မီးလုံးတစ်လုံး အစိုးရရုံး၌ တပ်ဆင်ရန် စာရွက်ရှစ်ရွက်ကုန်ပြီး လူ ၁၁ ဦးခန့် ပါဝင်အလုပ်လုပ်ခဲ့ရပါတယ်။

ဤသို့သော လုပ်ငန်းများကို မြန်မာနိုင်ငံဆိုသည့် နိုင်ငံတွင် လုပ်ကိုင်လျက်ရှိပြီး အလွန်အလုပ်များလျက်ရှိကြပါသည်။ မယုံလျှင် ဌာနဆိုင်ရာရုံးများတွင် လေ့လာပါ။

***Htut Htake***
***2-July 2016***
***Facebook.***

**အထက်ပါအတိုင်းဖတ်မိ**
အထက်ပါအတိုင်း ၂-၇-၂၀၁၆ တွင် Htut Htake တင်ထားသော Post ကို Facebook မှာ ဖတ်ရသဖြင့် ကျွန်တော်ပြုံးမိသည်။ ကျွန်တော်ကဲ့သို့ပင် Facebook ဝါသနာရှင် အာကာဟန်နှင့် ၆၈၅ ဦးက နှစ်ခြိုက်ကြသည်။ ပြန်လည်မျှဝေပေးခဲ့ကြသည်။ အောက်ပါအတိုင်းဖြစ်သည်။

**မြတ်မင်းအောင်**
ကြားထဲက ရုံးပိတ်ရက်ခံတာလေးပါ ထပ်ပေါင်းရင် မီးလုံးလဲဖို့ ၂၃ ရက်လောက် ကြာသွားမယ်။

**မျိုးမင်းရှိန်**
ဟုတ်တယ်။ တကယ်ဟုတ်တယ်။ ကုမ္ပဏီမကျ၊ ဆိုင်မကတွေကလဲ အဲဒီနည်း မှန်တယ်ထင်နေလားမသိဘူး။ စာရေးပြီး တင်တဲ့အကျင့်လုပ်နေကြတယ်။

**ကိုကိုဇော်**
မြင်အောင်ရေးတတ်ပါပေ့။ ဌာနဆိုင်ရာ။

**Chit Ko Ko**
Copy ယူပါရစေ အစ်ကို။

**Myo Zaw Khant**
မီးလုံးတစ်လုံး၏ ခရီးစဉ်။

**Henry San**
Very good.

**Kyaw Thu Win**
စာရွက် ရှစ်ရွက် ကုန်ပြီ။ ၁၉ ရက်ကြာ လူ ၁၁ ယောက် အလုပ်လုပ်ကြလေသတည်း။ ဟာ. . . အခုမှ သတိရတယ်။ ရေချိုးခန်းမီးလုံးပျက်နေတာ သုံးရက်ရှိပြီ။ သွားဝယ်လိုက်ဦးမှ။ အဟီး. ။

**Aung San Ko**
နိုင်ငံခြားသားမြန်မာလိုဖတ်တတ်ရင် ဟာသရေးထားတယ် ထင်ပါ့မယ်။

**အစိုးရရုံးများ၏ သိက္ခာ**
အထက်ပါ အရေးအသားများကြောင့် အစိုးရရုံးများ သိက္ခာကျပါသလား။ ရုံးဟူသောအသုံးအနှုန်းထဲတွင် ကုမ္ပဏီတွေပါ။ ပုဂ္ဂလိကရုံးဌာနတွေပါ အကျုံးဝင်သွားပြီဟု ပြောနေကြသည်။

**လွယ်လွယ်မပြီး**
လွယ်လွယ်နှင့် ပြီးရမည့် အလုပ်ကို မပြီးဘူး။ ခရုကိုခါးတောင်းကြိုက်ဖမ်းနေတယ်ဆိုတဲ့ မြန်မာစကားပုံလိုပါပဲ။ မီးလုံးတစ်လုံးကျွမ်းတာ ပြန်တပ်ဖို့ ဤမျှ အချိန် ဤမျှ စာရွက်၊ ဤမျှ လုပ်အားလိုပါမည်လား။ အစိုးရရုံးတွေမှာမို့ ဒီလိုဖြစ်ရတာပါ။ ကိုယ့်အိမ်မှာဆိုရင် မိနစ် ၃၀ နဲ့ မီးလုံးအသစ်လဲပြီးသား ဖြစ်သွားမှာပေါ့။ ခက်တာကို လွယ်အောင်လုပ်ကြမှာ အမှန်ပါ။ အစိုးရရုံးဆိုတော့ လွယ်တာကို ခက်အောင်၊ ခက်တာကို ပို၍ပို၍ ခက်အောင် လုပ်နေကြသလား။ အစိုးရ(နိုင်ငံတော်)၏ မျက်နှာ၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်ဆိုတဲ့ ဆောင်ပုဒ်ရှိတယ် မဟုတ်လား။

**ဖောင်ကြီး ပြည်သူ့ဝန်ထမ်းတက္ကသိုလ်**
ဖောင်ကြီးပြည်သူ့ဝန်ထမ်းတက္ကသိုလ်မှာ စိတ်သစ် လူသစ်မွေးဖို့၊ ပြည်သူ့ဝန်ထမ်းပီသဖို့၊ အရည်အသွေးပြည့်ဝဖို့ လေ့ကျင့်ပေးနေတယ်။ မွမ်းမံသင်တန်းတွေလည်း ပို့ချပေးနေတယ်။ နိုင်ငံတော်သစ်မှာ ဝန်ထမ်းတွေ၏ အခန်းကဏ္ဍက အရေးကြီးလှပေသည်။

**ရေသာခိုအချောင်လိုက်**
ရေသာခိုသူ၊ အချောင်လိုက်သူ၊ အနားပြာဆိုသော ဝန်ထမ်းအချို့ရှိသည်။ မရှုပ်၊ မလုပ်၊ မပြုတ် တာဝန်ကျေရုံသက်သက်၊ လခထုတ်ရုံသက်သက်၊ တာဝန်မခံ၊ တာဝန်မယူ၊ တစ်ခုခုဖြစ်လျှင် တစ်ပါးသူအား လွှဲချတတ်သူ၊ အထက်ဖားအောက်ဖိစသည့် ဝန်ထမ်းအမျိုးမျိုးရှိသည်။

**ရာထူးတက်ရင် လိုချင်သည်**
သူများရာထူးတက်လျှင် ကိုယ်လိုချင်သည်။ ကိုယ်ကတော့ မကြိုးစား။ အခွင့်အရေးသာ အလိုရှိ၊ တာဝန်ကိုတော့ မသိ၊ မကျေ။ ဝတ်ကျေ၊ တမ်းကျေ၊ အခြေအနေပေးရင်ပေးသလို။

**မရှိဘူး၊ မသိဘူး**
ဘာမေးမေး မရှိဘူး။ မသိဘူးသာ ဖြေတတ်သည်။ ရည်ရွယ်ချက်ပန်းတိုင်မသိ။ ဝန်ထမ်းကျင့်ဝတ်နားမလည်။ လုပ်ငန်းလည်း မကျွမ်းကျင်။ ကိုယ်ထင်တာအမှန်။

**သူ့လူငါ့လူ**
သူ့လူငါ့လူ။ ဆရာမွေး၊ တပည့်မွေး။ တိုင်စာပစ်စာရေး။ ရုံးကျင့်ဝတ်စည်းကမ်းများ ဖောက်ဖျက်။ တစ်သက်လုံး ရာထူးမတက်နိုင်။ ရုံးအကြီးအကဲက ဘက်လိုက်ပြန်တော့ ပို၍ဆိုး။

**ပြည်သူမကြည်ဖြူ**
ပြည်သူ့သားသမီးပီသရမည့် ဝန်ထမ်းများက ပြည်သူ့အပေါ် တာဝန်မကျေ။ ထိုအခါ ပြည်သူမကြည်ဖြူ။ ပြည်သူစိတ်ဆင်းရဲရသည်။

**One Stop Service**
တစ်နေရာထဲ၊ ရုံးတစ်ရုံးထဲမှာ ပြည်သူ့အကျိုး၊ ပြည်သူ့ဝန်ဆောင်ပေးသောစနစ်။ အများက ချစ်ခင်နှစ်သက်သည်။ ရေရှည်တည်တံ့ပါစေ။ အမြဲကူညီနိုင်ကြပါစေ။ တောသူတောင်သား ဆင်းရဲသားတွေက ရုံးကိစ္စဆိုရင် ကြောက်တတ်ကြသည်။ တစ်ခေါက်နှင့် မပြီး။ နှစ်ခေါက်နှင့်မပြီး။ ကြာသင့်၍ကြာတာကိစ္စမရှိပါ။

**မီးလုံးဥပမာ**
အထက်ပါ မီးလုံးတစ်လုံးကျွမ်းသည့် ဥပမာ အတော်ကောင်းသဗျာ။ သင်ခန်းစာယူသင့်ပါကြောင်း။ ။

## ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)နှင့် မြန်မာအော်တစ်ဇင်အသင်းတို့ ပူးပေါင်းကျင်းပသော အော်တစ်ဇင်အကြောင်း သိကောင်းစရာ ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၅**
ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)နှင့် မြန်မာအော်တစ်ဇင်အသင်းတို့ ပူးပေါင်းကျင်းပသော အော်တစ်ဇင်အကြောင်း




သိကောင်းစရာဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က မန္တလေးမြို့ Hotel Mandalay ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ BFM ဉက္ကဋ္ဌကိုယ်စား ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဦးတင်ထွန်းက အဖွင့်အမှာစကားပြောကြားရာ KBZ GROUP/KBZ BANK ရှိ ဝန်ထမ်းများ၊ မိသားစုများ အော်တစ်ဇင်နှင့် ပတ်သက်သည့် အသိပညာရှိနေစေရန်၊ အော်တစ်ဇင်ရှိသူများကို ပိုမိုကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် အနာဂတ်တွင် လုပ်ငန်းခွင်အတွင်း တန်းတူအခွင့်အရေးပေးသွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာအော်တစ်ဇင်အသင်း၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာ ဉာဏ်ဝင်းကျော်နှင့် ဒေါက်တာမြင့်လွင်တို့က အာရုံကြောဖွံ့ဖြိုးမှုဆိုင်ရာရောဂါများနှင့် အော်တစ်ဇင်ဖြစ်ပေါ်ရခြင်းနှင့် ပတ်သက်သည့် သဘောသဘာဝများကိုလည်းကောင်း၊ မြန်မာအော်တစ်ဇင်အသင်း၏ ဒု-ဉက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က အော်တစ်ဇင်ကလေးတစ်ယောက်၏ မိခင်တစ်ဦးအဖြစ် ဖြတ်သန်းခဲ့ရသည့် အကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် "မင်းကြောင့်" အော်တစ်ဇင်ဖြစ်ရပ်မှန်ဇာတ်လမ်းကို ပြသခဲ့ပြီး မြန်မာအော်တစ်ဇင်အသင်း အထွေထွေအတွင်းရေးမှူး ဦးနေထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**(၀၁၀)**



## မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း (၇)ကြိမ်မြောက်ညီလာခံဖွင့်လှစ် ပြည်တွင်းပြည်ပ ဆေးကုမ္ပဏီများ ပါဝင်ပြသ

**မန္တလေး ဇူလိုင် ၂၅**
မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) (၇)ကြိမ်မြောက် သွားနှင့်ခံတွင်းဆရာဝန်ညီလာခံ(၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၄ ရက် နံနက် ၈ နာရီက မန္တလေးမြို့ (၇၃)လမ်းရှိ Noble Mingalar Hotel ၌ ကျင်းပသည်။

အဆိုပါ ညီလာခံတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း(ဗဟို)ဉက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းကြူနှင့် သွားဘက်ဆိုင်ရာဆရာဝန်များအသင်း (မန္တလေး) ဉက္ကဋ္ဌ ဒေါက်တာအောင်ကျော့ဘုန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်များသည် ပြည်တွင်းပြည်ပ ဆေးကုမ္ပဏီများမှ ခင်းကျင်းပြသသော သွားဘက်ဆိုင်ရာ ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် အဆိုပါ ညီလာခံကို ကျင်းပရာ ပြည်တွင်း၊ ပြည်ပသွားဘက်ဆိုင်ရာဆရာဝန်များက ခေတ်မီရောဂါကုထုံးများနှင့် ဆေးကုသမှုဆိုင်ရာစာတမ်းများ ဖတ်ကြား ဆွေးနွေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်

**လားရှိုး ဇူလိုင် ၂၅။** ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လားရှိုးမြို့မရဲစခန်းမှ ရက် ၁၀၀ စီမံချက် ယာဉ်/လမ်းစည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်မှုအား ဇူလိုင် ၂၁ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၂) နယ်မြေ (၉)ရှိ အထက(ခွဲ) အလက(၅) ကျောင်းရှေ့ လမ်းမတော်လမ်းပေါ်တွင် ကျောင်းသား ကျောင်းသူများ နေ့ဝက်ကျောင်းဆင်းချိန်ဖြစ်သည့် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်အထိ ရဲအုပ် ထွန်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များက ပြုလုပ်ခဲ့သည်။

ထိုသို့ အထက(ခွဲ) အလက(၅) ကျောင်းရှေ့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်/လမ်းစည်းကမ်းထိန်းသိမ်းရေးပြုလုပ်ရခြင်းမှာ လမ်းမတော်လမ်းသည် နှစ်လမ်းမောင်းဖြစ်သည့်အတွက် လမ်းတစ်ဖက်စီတွင် ကျဉ်းမြောင်းသွားသည့်အပြင် ကျောင်းဆင်းချိန်များတွင် ကျောင်းသားကြိုသူမိဘများ၏ ယာဉ်/ဆိုင်ကယ်များမှာ ကျောင်းဘက်အခြမ်းတွင် စုပြုံရပ်တန့်ထားသဖြင့် ယာဉ်သွား/လာခက်ခဲပြီး ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ခြင်းကြောင့် သိရသည်။

**ဇော်လွင်(လားရှိုး)**

# ပြည်သူချစ်သောခေါင်းဆောင်၏ ပြည်သူဘဏ္ဍာငွေရှာဖွေမှုနှင့် အခွန်အကောက်အပေါ်သဘောထား

## စောနိုင်(အသုံးချဘောဂဗေဒ)

သေခြင်းတရားနှင့် အခွန်သည် လူတိုင်းသေချာပေါက်ရင်ဆိုင်ရမည့်အရာဖြစ်သည်ဟူသော စကားကိုကြားဖူး၏။ ထို့ကြောင့် ယနေ့လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်းအတွင်း နေထိုင်သူအားလုံးသည် ထိုနှစ်မျိုးစလုံးကို ရင်ဆိုင်ကြုံတွေ့ရမည်မှာ လုံးဝသေချာသည်။ ထပ်မံဖြည့်စွက်ပြောချင်သည်မှာ လူ့ဘဝ၏နောက်ဆုံးတွင် ရင်ဆိုင်ရမည့် သေခြင်းတရားမတိုင်ခင် အချိန်ကာလများစွာ အခွန်နှင့်မဖြစ်မနေကြုံတွေ့နေရမည်ဆိုသော အချက်ဖြစ်သည်။ အခွန်သည်လူ့အဖွဲ့အစည်းတစ်ခုအတွင်းရှိ လူတိုင်း ဥပဒေအရ မပေးမနေရ ပေးဆောင်ရသည့် ငွေကြေးဖြစ်သည်။ မိမိတို့နိုင်ငံ၊ မိမိတို့နေထိုင်ရာ လူ့အဖွဲ့အစည်းအတွက် လိုအပ်သည့်အရာများကို လူထုကတာဝန်ပေးထားသည့် အဖွဲ့များက ဖြည့်ဆည်းပေးသည့်အခါ လိုအပ်သော ကုန်ကျစရိတ်ငွေကြေးများအတွက် လူ့အဖွဲ့အစည်းတွင် ရှိသူများက ထည့်ဝင်ပေးကြရခြင်းပင်ဖြစ်သည်။ မိသားစုတစ်စုရပ်တည်မှုကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံသည်လည်း မိမိတို့ဘာသာ မိမိတို့ လွတ်လပ်စွာရပ်တည်နိုင်ရေးအတွက် ကိုယ်တိုင်ငွေကြေးအရင်းအနှီး လိုအပ်သည်။ ထို့ကြောင့်လည်း မိမိတို့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံ့လွတ်လပ်ရေးအတွက် အားထုတ်နေစဉ်မှာပင် လွတ်လပ်ရေးရပြီး မိမိတို့ခြေထောက်ပေါ် မိမိတို့ ရပ်တည်ရမည့်အချိန်၌ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများနှင့်ပတ်သက်၍ စဉ်းစားထားချက်များ ရှိခဲ့သည်ကိုတွေ့ရသည်။

ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့ပါက မိမိတို့ကံကြမ္မာ မိမိတို့ဖန်တီးနိုင်မည့် လွတ်လပ်သောနိုင်ငံဘဝဖြစ်လာမည်။ ထိုအခြေအနေမျိုး၌ တိုင်းပြည်ပြန်လည်ထူထောင်မှုအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများအတွက် အောက်ပါဇာစ်မြစ်လေးမျိုးမှရရှိအောင် ဆောင်ရွက်မည်ဆိုသည်ကို ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းများ၊ ဟောပြောချက်များတွင်တွေ့ရသည်။

(၁) ဆန်စပါးတိုးချဲ့စိုက်ပျိုးကာ ဆန်စပါးပို့ကုန်တိုးချဲ့တင်ပို့ခြင်း။
(၂) အလုပ်သမား၊ တောင်သူလယ်သမား၊ ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံး အစွမ်းကုန်အလုပ်လုပ်ကာ ခြိုးခြံချွေတာစားသုံးခြင်းဖြင့် ပိုလျှံစေခြင်း၊ လုပ်သားများ၏ ကုန်ထုတ်စွမ်းအားတိုးတက်စေခြင်း။
(၃) အခွန်အကောက်ကောက်ခံခြင်းနှင့်
(၄) နိုင်ငံခြားမှ ချေးယူခြင်းတို့ဖြစ်သည်။

> **လက်ရှိအခြေအနေ နိုင်ငံတော်မှ ငွေလိုအပ်နေချိန်တွင် နိုင်ငံ့သယံဇာတအရင်းအမြစ်များဖြင့် ဝင်ငွေဖြစ်ထွန်းကြွယ်ဝချမ်းသာနေသူများအနေဖြင့် မိမိတို့လေးစားကြည်ညိုရသော အမျိုးသားခေါင်းဆောင်ကြီး၏ မိန့်မှာချက်များကို အလေးအနက်ထား နှလုံးသွင်း၍ အခွန်ထမ်းဆောင်ရခြင်းသည် မိမိတို့ဥစ္စာဓနကို ဂုဏ်သိက္ခာရှိစွာ ပြန်လည်တည်ဆောက်ခြင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့နှင့် တစ်မြေတည်းနေ ဆွေမျိုးရင်းချာ နိုင်ငံသူနိုင်ငံသားများ၏ လိုအပ်ချက်ကို ပြန်လည်ဖြည့်ဆည်းကူညီပေးခြင်းဖြစ်. . . .**

ထိုသို့ ပြည်သူ့ဘဏ္ဍာငွေ ရှာဖွေခြင်းနည်းလမ်းများအနက် ပထမသုံးမျိုးသည် ပြည်တွင်းဇာစ်မြစ်ပေါ်အခြေခံထားပြီး စတုတ္ထနည်းလမ်းတစ်ခုတည်းသာ ပြည်ပကိုဦးတည်ထားခြင်းဖြစ်သည်။ အမှီခိုကင်းပြီး လုံးဝလွတ်လပ်သောနိုင်ငံကို မျှော်လင့်ချက်ကြီးကြီးဖြင့် အားထုတ်ခဲ့သည့် ဗိုလ်ချုပ်သည် ပြည်ပထက် မိမိနိုင်ငံတွင်းရှိ ပြည်တွင်းဇာစ်မြစ်မှ ရရှိရေးကိုသာ ပထမဦးစားပေးနည်းလမ်းများအဖြစ် ကျင့်သုံး၍ အားထုတ်နိုင်သည်ကို အောက်ပါဟောပြောချက်က သက်သေပြနေသည်။

**". . မိမိတိုင်းပြည်၏ အခွန်ဘဏ္ဍာငွေကို အားမကိုးဘဲ၊ နိုင်ငံခြားသားတို့၏ ထောက်ပံ့ချေးငှားမှုကို အားကိုးအားထားပြုနေသမျှ ကာလပတ်လုံး မည်သည့်နိုင်ငံမျှ တကယ်လွတ်လပ်ရေးကို မရရှိနိုင်ပေ။ ကျပ်ပြည့်တင်းပြည့် လွတ်လပ်ရေးကိုလိုချင်လျှင် ကျွန်ုပ်တို့ငွေနှင့် ကျွန်ုပ်တို့ကိုယ်တိုင်ကသာ အားထုတ်ကြရပေမည်။ . ."**

***(၁၉၄၇ ခုနှစ် မတ်လ ၂၁ ရက်နေ့ ည ၈ နာရီ မိနစ် ၃၀ ရေဒီယိုမှ အသံလွှင့်ဟောပြောချက်)***

ပြည်တွင်းဇာစ်မြစ်များအနက် နိုင်ငံသူ နိုင်ငံသားများအားလုံး မည်သူမျှ ရှောင်လွှဲရန်မဖြစ်နိုင်သည့် အခွန်ကောက်ယူသည့် နည်းလမ်းသည် ထိုအချိန်အခါတွင်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေးအခြေအနေနှင့် ပြင်းထန်စွာကိန်းအောင်းနေသည့် မျိုးချစ်စိတ်ဓာတ်အရ အချိန်တိုအတွင်း နိုင်ငံ့ဘဏ္ဍာကို ထိထိရောက်ရောက်အားဖြည့်ပေးနိုင်သည့် နည်းလမ်းဖြစ်နိုင်သည်။ ဗိုလ်ချုပ်သည် ကြုံကြိုက်သည့်အခြေအနေတိုင်း၌ အခွန်နှင့်ပတ်သက်၍လည်း သူ၏အယူအဆများနှင့် နိုင်ငံသူ နိုင်ငံသားများ မှတ်သားသင့်သည်များကို မိန့်မှာပြောကြားခဲ့ရာ အထက်တွင်ဖော်ပြခဲ့သောနေ့ရက်က ထုတ်လွှင့်ခဲ့သောမိန့်ခွန်းထဲမှာပင်

**"အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့က မပေးဘဲ ငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏ စီးပွားရေးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးပစ်ခြင်းပင်ဖြစ်၍ ဤသို့နိုင်ငံစီးပွားရေး ပြိုကွဲသွားပါက နောက်ဆုံး၌အများဆုံး အနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သား လူထုပင်ဖြစ်သည်"** ဟူ၍လည်းကောင်း။

**"မည်သည့်တိုင်းပြည်မဆို တိုင်းသူပြည်သားတို့က တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်ပုဂ္ဂိုလ်ပီပီ ဤအခြေခံပြည်သူ့ဝတ္တရားဖြစ်သော အကောက်အခွန်ပေးဆောင်ရေးတာဝန်ကို ထမ်းရွက်ချင်စိတ်မရှိလျှင် ထိုတိုင်းပြည်သည် လွတ်လပ်ရေးမရနိုင်၊ တည်တံ့သောဘဏ္ဍာရေးတည်းဟူသော ခိုင်လုံသည့် အုတ်မြစ်ပေါ်တွင် မတည်ဆောက်ဘဲလည်း မည်သည့်လွတ်လပ်ရေးမျှ မြဲနိုင်မည်မဟုတ်ပေ"** ဟူ၍လည်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံသူ နိုင်ငံသားများအားလုံး ရှောင်လွှဲမရနိုင်သည့် အခွန်ဆိုသောအရာကို အစိုးရက ပြည်သူများအား ညှဉ်းဆဲသည့်သဘောမျိုး မတရားသဖြင့်ကောက်ခံ၍မရ၊ စိတ်ထင်တိုင်းပြုလုပ်၍ မရပေ။ ဘောဂဗေဒပညာရှင်များဘက်စုံထောင့်စုံလေ့လာဖော်ထုတ်ထားသော အယူအဆများ၊ အတွေးအခေါ်များလည်းရှိသည်။ ကိုးကားနိုင်သည့် သီအိုရီများကိုလည်း လေ့လာဖတ်ရှုကာ မိမိတို့နိုင်ငံ၊ လူ့အဖွဲ့အစည်းနှင့် သင့်လျော်သလို အသုံးပြုသင့်သည်။ အခွန်နှင့်ပတ်သက်သည့် သိသင့်သည့်အချက်များအနက်မှ တရားမျှတမှု၊ တိကျသေချာမှု၊ လွယ်ကူအဆင်ပြေမှု၊ သက်သာစွာကောက်ခံနိုင်မှုတို့ပါဝင်သည့် အခွန်ဆိုင်ရာအခြေခံမူများမှာလည်း မှတ်သားစရာဖြစ်သည်။ သီအိုရီများတွင်ပါဝင်သော အခွန်ဆိုင်ရာအခြေခံမူများနှင့် ဆက်စပ်မှုရှိသည့် ဗိုလ်ချုပ်မိန့်ခွန်းပါသဘောထားမှာလည်း လိုက်နာစရာဖြစ်သည်ကို ၁၉၄၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ပြောကြားသည့် မေဒေးရှေ့ပြေးမိန့်ခွန်းထဲတွင် အောက်ပါအတိုင်းတွေ့ရပေသည်။

**"ကျွန်တော်တို့ ဗမာပြည်မှာ စစ်မဖြစ်ခင်က အစိုးရရဲ့အခွန်ကောက်ယူရာမှာ ရာခိုင်နှုန်းအများအပြားဟာ ဆင်းရဲသားတွေဆီက များတယ်။ ဆင်းရဲသားဆီကရတဲ့အခွန်ဟာ အများဆုံးပဲ။ ဘီအိုစီကုမ္ပဏီ၊ ဘီဘီတီစီသစ်တောကုမ္ပဏီ၊ ဧရာဝတီကုမ္ပဏီတွေက အမြတ်အစွန်းတွေအများကြီးရပြီး တိုင်းပြည်အဆီအနှစ်တွေ စုပ်ယူထားပြီး ရထားတဲ့အခွန်ကတော့နည်းနည်း၊ တကယ်တရားမျှတတဲ့နည်းစနစ်က ဆင်းရဲတဲ့လူတွေကို လုံးဝလွှတ်ရမယ်။"**

ထို့အပြင် အခွန်နှုန်းထားများနှင့်ပတ်သက်သည့် သဘောထားများပေါ်လွင်နေသည့်စကားများကိုလည်း ထိုမိန့်ခွန်းများထဲမှာပင်တွေ့ရသည်။ အခွန်နှုန်းထားများနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် အချိုးတူခွန်၊ နှုန်းတိုးခွန်နှင့် နှုန်းလျော့ခွန်ဟူ၍ရှိရာ အခြေအနေနှင့် အချိန်အခါအရ ဝင်ငွေပမာဏများပြားနေသူများကို ပိုမိုများသည့်နှုန်းဖြင့် ကောက်ခံသည့် နှုန်းတိုးခွန်ဖြင့် အသုံးပြုကောက်ခံရန်လိုသည့် သဘောမျိုးကိုလည်း ဗိုလ်ချုပ်က ထည့်သွင်းပြောကြားသွားခဲ့သည်။

**"အခွန်ကောက်တဲ့နေရာမှာ တစ်ဆင့်ထက်တစ်ဆင့် ဝင်ငွေများတဲ့လူအပေါ်မှာ ပိုကောက်ရမယ်။ အမြတ်တော်ကြေးသဘောမျိုး ပိုကောက်ရမယ်။ ငွေတစ်ထောင်ရှိတဲ့လူ တစ်နှစ်တစ်ဆယ်ကောက်ရင် ငွေတစ်သောင်းရှိတဲ့လူ တစ်နှစ်ငါးရာကောက်ရမယ်။ အချိုးအစားအတိုင်းဆို တစ်ရာသာကောက်ရမယ်။ သို့သော် တစ်သောင်းမှာ တစ်ထောင်လျှော့သွားရင် ကိုးထောင်တော့ကျန်သေးတယ်။ ငွေတစ်ရာရှိတဲ့လူ တစ်ဆယ်ကောက်လိုက်ရင် သိပ်များတယ်။ ဒါကြောင့် တကယ်တိုးတက်တဲ့ အစိုးရဝါဒဆိုရင် အဲဒီလိုလူတွေကို ဥပမာ ဆိုပါတော့ တစ်သိန်းချမ်းသာတဲ့လူကို လေး၊ ငါးသောင်းလောက် ကောက်ရမယ်။"**

ဝင်ငွေပမာဏများပြားသူများကို နှုန်းတိုးခွန်ဖြင့် ကောက်ခံရာတွင် ရာသက်ပန်ထိုပုံစံဖြင့်သာကောက်ခံမည်ဟု မယူဆသင့်ပေ။ အစိုးရရည်ရွယ်ချက်ပေါ်မူတည်၍သာ နှုန်းလျော့ခွန်၊ အချိုးတူခွန်များဖြင့်လည်း ပြောင်းလဲကောက်ခံသွားနိုင်ပေသည်။ လက်ရှိအခြေအနေနိုင်ငံတော်မှ ငွေလိုအပ်နေချိန်တွင် နိုင်ငံ့သယံဇာတအရင်းအမြစ်များဖြင့် ဝင်ငွေဖြစ်ထွန်းကြွယ်ဝချမ်းသာနေသူများအနေဖြင့် မိမိတို့လေးစားကြည်ညိုရသော အမျိုးသားခေါင်းဆောင်ကြီး၏ မိန့်မှာချက်များကို အလေးအနက်ထားနှလုံးသွင်း၍ အခွန်ထမ်းဆောင်ရခြင်းသည် မိမိတို့ဥစ္စာဓနကို ဂုဏ်သိက္ခာရှိစွာ ပြန်လည်တည်ဆောက်ခြင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့နှင့် တစ်မြေတည်းနေ ဆွေမျိုးရင်းချာ နိုင်ငံသူနိုင်ငံသားများ၏ လိုအပ်ချက်ကို ပြန်လည်ဖြည့်ဆည်းကူညီပေးခြင်းဖြစ်သည်ဟူ၍ သဘောထားနိုင်ပါစေဟု ဆုတောင်းမိသည်။

အခွန်ဆိုသည်မှာ အစိုးရတစ်ရပ်၏ ရငွေဖြစ်ပြီး အစိုးရက အများပြည်သူတို့၏ အကျိုးစီးပွားအတွက် လိုအပ်သောအရာများကို ဆောင်ရွက်ရာတွင် သုံးစွဲနိုင်ရေးအတွက် အားအကိုးရဆုံးဝင်ငွေလည်းဖြစ်သည်။ ဘောဂဗေဒဘာသာရပ်တွင် နိုင်ငံတစ်နိုင်ငံအတွက် အခွန်ကောက်ခံမှုအရေးကြီးပုံကို ရေးသားဖော်ပြထားသကဲ့သို့ ကျွန်ုပ်တို့၏ ပြည်ထောင်စုလမ်းပြရှေ့ဆောင်ပုဂ္ဂိုလ်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ပြန်လည်ထူထောင်ရေးစခန်းသွားရမည့်နိုင်ငံအတွက် ပြည်သူ့ဘဏ္ဍာ၊ အခွန်ရငွေအရေးကြီးပုံတို့ကို ဤကဲ့သို့ ကြိုတင်သိမြင်မှာကြားမှုများ ပြုလုပ်ခဲ့လေသည်။ ယခုလက်ရှိ ပြုပြင်ပြောင်းလဲရေးကာလကို ဖြတ်သန်းနေကြသည့် နိုင်ငံသူ နိုင်ငံသားများနှင့် အနာဂတ်တွင်ကြီးလေးသော နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည့် နောင်လာနောက်သား မျိုးဆက်သစ်များအနေဖြင့် မိမိတို့အားလုံး ချစ်ခင်လေးစားရသော ခေါင်းဆောင်ဖြစ်သူ၏ အမြော်အမြင်ရှိရှိ မှာကြားချက်များကို သတိပြုမှတ်သားလိုက်နာနိုင်ခဲ့ပါလျှင် ကောင်းလေစွဟု တွေးမိ၏။

***ကိုးကား။ (၁) ဆရာတင်စိုး (ဘောဂဂုဏ်)၏ ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်။ (၂၀၁၀၊ ဒုတိယ အကြိမ်)***
***(၂) မြတ်မော်၏ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအတွေး အခေါ်များ။ (၁၉၇၀)***

# ရထားလမ်းကူးခုံးကျော်များတွင် အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ဟသ်ာတ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် မြန်မာ့မီးရထားသွားလာပို့ဆောင်ရေး၌ာန တိုင်းအမှတ်(၉)၌ မီးရထားသွားလာစဉ် ခဲနှင့်ပစ်ပေါက်ခြင်းကြောင့် ထိခိုက်ဒဏ်ရာများဖြစ်ပေါ်ရခြင်းနှင့် ရထားလမ်းကူးခုံးကျော်(LevelCrossing)များတွင် ပြည်သူများဖြတ်သန်းသွားလာရာတွင် အန္တရာယ်ကင်းရှင်းရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို မီဒီယာများနှင့်တွေ့ဆုံ၍ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တိုင်းအမှတ်(၉) မန်နေဂျာရုံးတွင် အသိပေးရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထား သွားလာပို့ဆောင်ရေး၌ာန တိုင်းအမှတ်(၉)တိုင်းမန်နေဂျာ ဦးဇော်လွင်က မီးရထားခုတ်မောင်းစဉ် ခဲနှင့်ပစ်ပေါက်မှုဖြစ်စဉ်များ မကြာခဏဖြစ်ပွားနေမှုကြောင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာအနာတရဖြစ်ပေါ်ခြင်းကြောင့် ယခုလို မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းရခြင်းဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ(၇၉) အပိုဒ်ခွဲ(၁)နှင့် ပုဒ်မ(၈၄)တွင် ဖော်ပြပါရှိသည့် ရထားကို တစ်စုံတစ်ရာဖြင့်ပစ်ပေါက်ခြင်း (သို့မဟုတ်) အခြားတစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်မှုစီရင်ခြင်းခံရလျှင် အနည်းဆုံးငါးနှစ်မှ အများဆုံးနှစ် ၂၀ ထက်မပိုသောထောင်ဒဏ်ချမှတ်ခံရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်းနှင့် ၎င်းပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဥပဒေ၊ နည်းဥပဒေများကို မီးရထားဘူတာရုံများတွင် ဗီနိုင်းများချိတ်ဆွဲပြီး အသိပညာပေးဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားသည်။

ဆက်လက်၍ တိုင်းမန်နေဂျာက ရထားလမ်းကူးခုံးကျော်(Level Crossing)များ၌ ရထားလာနေစဉ်အလေးထားခြင်းမရှိဘဲ လမ်းဖြတ်ကူးခြင်းကြောင့် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီယာဉ် အစရှိသည့် စက်တပ်ယာဉ်များနှင့် စက်ဘီး၊ လူတို့ကိုရထားနှင့် တိုက်မိခြင်းဖြစ်စဉ်များကို ရှင်းလင်းပြောကြားပြီး ရထားလမ်းကူးဖြတ်ကျော်စဉ် အလျင်စလိုဖြတ်ကူးခြင်း၊ ဖုန်းပြောခြင်း၊ နားကြပ်များဖြင့် သီချင်းနားထောင်ခြင်းတို့ကို ရှောင်သင့်ကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့မီးရထားတိုင်းအမှတ်(၉)အတွင်းရှိ လူစည်ကားသည့် ပုသိမ်၊ ဟသ်ာတ၊ ကြံခင်းဘူတာများတွင် "ရထားလမ်းကူးခုံးကျော် (Level Crossing)များ၌ ထိခိုက်ဒဏ်ရာရသေဆုံးခြင်းများ မဖြစ်ပေါ်စေရေးအတွက် ခြေကျင်ဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုးမောင်းနှင်သူများ သတိပြုလိုက်နာရန်" သတိပေးဗီနိုင်းဆိုင်းဘုတ်များကို ထင်သာမြင်သာသောနေရာများတွင် ချိတ်ဆွဲထားရှိပြီးဖြစ်ကြောင်း၊ (Level Crossing) အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို လူစည်ကားသည့်မီးရထားဘူတာရုံများတွင် ဖြန့်ဝေပေးလျက်ရှိကြောင်း တိုင်း(၉)မန်နေဂျာက ပြောသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၉) နယ်မြေ တရားဝင်ဂိတ် ၅၅ ဂိတ်နှင့် တရားမဝင်ဂိတ် ၂၀၅ ဂိတ် စုစုပေါင်း ၂၆၀ ရှိပြီး တရားမဝင်ဂိတ်များတွင်



ဂိတ်စောင့်ဝန်ထမ်းများ ထားရှိပေးနိုင်ခြင်းမရှိသေးသည့်အတွက် အဆိုပါဂိတ်များနှင့် နီးစပ်သည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပြည်သူများအား အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအခြေစိုက် မြန်မာ့မီးရထားသွားလာပို့ဆောင်ရေး၌ာန၊ တိုင်းအမှတ်(၉)နယ်မြေတွင် အမြန်ရထားအစုန်နှစ်စင်း၊ အဆန်နှစ်စင်း၊ လော်ကယ်ရထားနှစ်စင်း စုစုပေါင်းရထားခြောက်စင်းဖြင့် ခရီးသွားပြည်သူများအားမိုင်ပေါင်း ၃၃၀ ကျော် နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲအပေါ် စာတမ်းရှင်များ၏ သဘောထားအမြင်များ

တွေ့ဆုံမေးမြန်း
ရီရီမြင့်၊ ဉမ္မာသန့်
ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန် ဇူလိုင် ၂၅

**ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ပထမအကြိမ် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပမည်ဖြစ်သည်။ ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲတွင် နိုင်ငံရေးစာပေ စာတမ်းရှင် ၁၈ ဦးက စာတမ်းပေါင်း ၁၈ စောင်ကို ဖတ်ကြားသွားမည်ဖြစ်ရာ စာတမ်းရှင်များ၏သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်က သွားရောက်မေးမြန်း၍ ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**

**ဒေါက်တာခင်အေး**
**(မောင်ခင်မင်-ဓနုဖြူ)**

"ရှေးခေတ်မြန်မာ့နိုင်ငံရေးစာပေ စာတမ်းကိုဖတ်ပါမယ်။ စာတမ်းက ပုဂံခေတ်ကနေ ကုန်းဘောင်ခေတ်အထိ ရှေးခေတ်မြန်မာမင်းတွေခေတ်က နိုင်ငံရေးအကြောင်းထင်ဟပ်စေမယ့် စာပေအကြောင်းကိုဖတ်ပါမယ်။ ကိုယ့်နိုင်ငံရဲ့စာပေသမိုင်း၊ နိုင်ငံရေးသမိုင်းကို အထူးသဖြင့် လူငယ်တွေ သိစေချင်ပါတယ်။ ရှေးမြန်မာစာပေတွေထဲမှာ မြန်မာမင်းတွေရဲ့ ပဒေသရာဇ်ခေတ်မှာ မြန်မာ့နိုင်ငံရေးနဲ့ပတ်သက်တဲ့ အုပ်ချုပ်တဲ့သူတွေ၊ အုပ်ချုပ်ခံတဲ့သူတွေ၊ စနစ်တွေ အဲဒါတွေကို သမိုင်းကြောင်းလေ့လာပြီး စာတမ်းဖတ်ပါမယ်။ ဒီနိုင်ငံရေးစာတမ်းဖတ်ပွဲက လုပ်ဖို့ကောင်းတာကြာပါပြီ။ လုပ်သင့်လုပ်ထိုက်တဲ့ စာတမ်းဖတ်ပွဲပါ။ အရင်တုန်းက အခြေအနေအရ မလုပ်ဖြစ်ခဲ့တာနေမှာပေါ့၊ တခြားခေါင်းစဉ်တွေနဲ့ အများကြီးလုပ်ခဲ့သလို နိုင်ငံရေးဆိုတာ အရေးကြီးတာဖြစ်တဲ့


ဒေါက်တာခင်အေး

အတွက် နိုင်ငံရေးစာပေတွေကို လူငယ်တွေလည်း လေ့လာသင့်ပါတယ်။ အများကြီးထွက်သင့်တယ်။ နိုင်ငံရေးစာပေစာတမ်းလုပ်တော့ နိုင်ငံရေးစာပေနဲ့ပတ်သက်တဲ့ အသိအမြင်တွေကို လူငယ်တွေလည်း ပိုသိလာပါတယ်။ အင်မတန်ကောင်းပါတယ်။ ရှေးခေတ်က မြန်မာ့နိုင်ငံရေးနဲ့ ဆက်စပ်နေတဲ့ စာပေနဲ့ နိုင်ငံရေးဆက်စပ်ကြည့်တာပါ။ ဆက်စပ်ကြည့်တဲ့လမ်းကြောင်းကို ဒီစာတမ်းထဲ ရေးပြခြင်းအားဖြင့် ဆက်လေ့လာတဲ့လူတွေ၊ လူငယ်တွေအတွက် တစ်နည်းမဟုတ်တစ်နည်း အထောက်အကူဖြစ်မှာပါ။"

**ဦးကိုကိုလှိုင်**
**(ကိုကိုလှိုင်)**

"ခေတ်ပြိုင်နိုင်ငံတကာနိုင်ငံရေး အတွေးအခေါ်များစာတမ်းကို ဖတ်ပါမယ်။ ဒီစာတမ်း ဖတ်ပွဲမျိုးလုပ်ဖြစ်တာ ကောင်းပါတယ်။ နိုင်ငံရေးစာပေနဲ့ ပတ်သက်ပြီးတော့ ပြည်သူလူထုအနေနဲ့ ဘက်ပေါင်းစုံက ပညာရှင်တွေ စာတမ်းပြုစုပြီးတော့ ဖတ်ကြားတဲ့အတွက် ရတောင့်ရခဲအခွင့်အရေးပါပဲ။ စာတမ်းနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ ဒီနေ့ခေတ်စားနေတဲ့၊ ပေါ်ပေါက်နေတဲ့ နိုင်ငံရေးအတွေးအခေါ်တွေနဲ့ပတ်သက်ပြီး ပြန်ပြီးသုံးသပ်တင်ပြထားတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံရေးအခြေအနေအရ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပြောင်းလဲနေတယ်။ ပြောင်းလဲနေတာ


ဦးကိုကိုလှိုင်

နဲ့အညီ နိုင်ငံရေးအတွေးအခေါ်တွေကလည်း လိုက်လျောညီထွေ၊ တစ်ချိန်မှာခေတ်စားလာတဲ့ နိုင်ငံရေးအတွေးအခေါ်တွေ နောက်တစ်ချိန်ကျရင် ပစ်ပယ်လာကြတယ်။ အသုံးမဝင်ဘူး ဖြစ်လာကြတယ်။ ဒီနေ့ခေတ်မှာ အမျိုးမျိုးကွဲပြားနေတဲ့ နိုင်ငံရေးအတွေးအခေါ်တွေနဲ့ နိုင်ငံတွေကလည်း ဒီရေစီးကြောင်းထဲမှာ မျောပါနေကြတဲ့အတွက် ကိုယ့်နိုင်ငံလက်ရှိအခြေအနေနဲ့ ဘယ်လိုဆက်သွားကြမယ်၊ ဘယ်လိုဆက်လုပ်ကြမယ်၊ ခေတ်ပြိုင်နိုင်ငံတကာ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုတွေပေါ်မှာကြည့်ပြီး ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ ကိုယ့်နိုင်ငံယဉ်ကျေးမှုရေမြေအနေအထားနဲ့ လိုက်လျောညီထွေမယ့်လမ်းကြောင်းကို ကိုယ့်ဟာကိုယ်ရှာဖွေပြီးတော့ ထူထောင်သွားကြဖို့ အရေးကြီးပါတယ်။ လမ်းကြောင်းမှားသွားလို့ရှိရင် အခုမြင်တွေ့နေရတဲ့ နိုင်ငံတကာ အခြေအနေထဲမှာလို ဒုက္ခ၊ သုက္ခလမ်းကြောင်းတွေဖြစ်သွားမယ်။ ဒါတွေကိုသတိထားမိစေချင်လို့ စာတမ်း ဖတ်တာဖြစ်ပါတယ်။ လူငယ်တွေ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဗဟုသုတလေးတွေ သမိုင်းနဲ့ယှဉ်ပြီး မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေနဲ့ပတ်သက်ပြီး ဗဟုသုတရသွားလိမ့်မယ်လို့မျှော်လင့်ပါတယ်။"

**ဦးမိုးမြင့်ဝင်း**
**(မိုးမြင့်ဝင်း-နည်းပညာ)**

"ဖဆပလဝန်ကြီးချုပ် သခင်နု ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှုကို လေ့လာသုံးသပ်ချက် စာတမ်းကို ဖတ်ပါမယ်။ ဒီစာတမ်းကိုရည်ရွယ်ချက်တစ်ခုအနေနဲ့ရေးတာပါ။ အခုအချိန်မှာ အမျိုးသားရင်ကြားစေ့ရေးလုပ်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒီစာတမ်းက သခင်နု လုပ်သွားတဲ့ လွန်ခဲ့တဲ့ ၅၈ နှစ်က လုပ်ခဲ့ဖူးပါတယ်။ အမှားအမှန်တွေရှိတယ်။ အခု ပြန်တွေးတာပါ။ သခင်နု ဘာမှားလဲ၊ ဒီစာတမ်းထဲမှာ ပါပါတယ်။ အမှားအမှန်တွေကို လက်ရှိငြိမ်းချမ်းရေးဆောင်ရွက်နေတဲ့ လူတွေက သခင်နု ဆောင်ရွက်ချက်ထဲက အားနည်းချက်တွေပြင်ပြီး ဆောင်ရွက်ဖို့ ဒါကိုတင်ပြတဲ့စာတမ်းဖြစ်ပါတယ်။ အရင်တုန်းကတော့ တစ်ပါတီစနစ်၊ အဲဒီရဲ့အကျိုးသက်ရောက်မှုနဲ့ ဒါကတော့မလုပ်ကြဘူး၊ တစ်ပါတီလမ်းစဉ်အတိုင်း ဒီလိုသွားပါတယ်။ အခုတော့ ပါတီစုံစနစ်ဖြစ်သွားတော့ နိုင်ငံရေးပါတီတွေပေါ်လာတယ်။ အဲဒီတော့ ပါတီစုံစနစ်က နိုင်ငံရေးပါတီတွေက အားပြိုင်လာတယ်။ အပြိုင်အဆိုင်လုပ်တယ်။ လူထုကိုအကျိုးမပြုတဲ့ ပြိုင်ဆိုင်မှုရှိတတ်တယ်။ လူထုကို အကျိုးပြုတဲ့ ပြိုင်ဆိုင်မှုသာ ဖြစ်ရမယ်။ ပါတီစုံဖြစ်တဲ့အတွက် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ လိုအပ်တယ်။ ပါတီစုံစနစ်နဲ့ လျော်ညီစွာ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲက ပထမဆုံးဖြစ်လာတယ်။ ရှေ့လျှောက်လည်း နှစ်စဉ်နှစ်တိုင်းလည်းဖြစ်ဖို့ မေတ္တာရပ်ခံတယ်၊ မျှော်လင့်ပါတယ်။ လူငယ်တွေက ပညာသင်ဖို့ဆိုပေမယ့် နိုင်ငံရေးအသိလေးတော့ ရှိသင့်တယ်။ မရှိတော့ အရင်တုန်းက အမှားတွေလုပ်မိတယ်။ နိုင်ငံရေးအသိမရှိဘဲနဲ့ နိုင်ငံရေးဆန်တဲ့ကိစ္စတွေ လုပ်ရင်းကနေ မှားသွားကြတယ်။ လူငယ်တွေလည်း နိုင်ငံရေးအသိလေးတော့ နည်းနည်းရှိစေချင်တယ်။ ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်တာပါ။ ဒီနှစ်မှာဖြစ်လာတာပါ။ အားလုံးစာတမ်း ၁၈ စောင် ဖတ်ကြားမယ်။ ၂၉၊ ၃၀၊ ၃၁ ရက်မှာတော့ ပရိသတ် စုံစုံညီညီနဲ့ လာရောက်လေ့လာကြပါလို့ ပြောချင်ပါတယ်။"


ဦးမိုးမြင့်ဝင်း

**ဦးအေးမောင်**
**(အေးမောင်ကျော်)**

"လစ်ဘရယ်ဒီမိုကရေစီကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း စာတမ်းဖတ်မှာပါ။ လစ်ဘရယ်ဒီမိုကရေစီဆိုတာ ခုသွားနေတဲ့လမ်းကြောင်းပေါ်အခြေခံပြီး သွားကြတာပါ။ လစ်ဘရယ်ဒီမိုကရေစီကောက်ကြောင်းကို ယူထားတာပါ။ ဒါ ဉာဏ်သစ်လောင်းကာလက အတွေးအခေါ်တွေ ဒီနေ့ခေတ်အထိ အတွေးသဘောတွေဆက်ခံပြီးတော့ နိုင်ငံရေးပုံစံတွေ ဖန်တီးကြတယ်။ နိုင်ငံတည်ဆောက်ပုံတွေ ဖန်တီးကြတယ်။ အဲဒီအစဉ်အလာတွေကို အခုလုပ်နေတဲ့ ဒီအစဉ်အလာတွေ အောက်မှာ လုပ်တာပါ။ အဲဒီအတွင်းသဘောတွေ အငွေ့အသက်တွေပါတဲ့ ပုံစံနဲ့နိုင်ငံကို တည်ဆောက်ဖို့ ရည်ရွယ်ချက်နဲ့ ရေးတဲ့သဘောပါ။ နိုင်ငံရေးစာတမ်းဖတ်ပွဲက ပထမဆုံးအကြိမ်ဖြစ်တယ်။ အရင်အစိုးရလက်ထက်မှာလည်း မလုပ်ခဲ့ရဘူး။ ဆယ်စုနှစ်ပေါင်းများစွာကြာခဲ့ပါတယ်။ နိုင်ငံရေးစာပေတွေ အရင်ကမရှိဘူးလားဆိုတော့ ရှိတယ်။ သေချာပွင့်လင်းဝေဆာတဲ့ ပုံစံမျိုး မဟုတ်ခဲ့ဘူး။ အခုလိုစာတမ်းတွေ ဖတ်ကြတော့ အကြောင်းအရာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကို ပြည်သူတွေလေ့လာနိုင်ပါတယ်။ အကျိုးကျေးဇူးတွေ ရလာမှာပါ။ အဲဒီစာတမ်း ၁၈ စောင်မှာ ကဏ္ဍတွေတော်တော်အစုံပါပါတယ်။ မြန်မာပြည်ရဲ့ သမိုင်းကြောင်းတွေလည်းပါတယ်။ နောက် စာပေသမိုင်းကြောင်းတွေ၊ ကဗျာဆိုင်ရာတွေ နိုင်ငံရေးပါမယ်။ နိုင်ငံရေးမှာလည်း နိုင်ငံတကာ နိုင်ငံရေးအတွေးအမြင်တွေပါမယ်။ နိုင်ငံတကာသွားနေတဲ့ လမ်းကြောင်းတွေလည်းပါမယ်။ ပြည်တွင်းအခြေအနေ နိုင်ငံရေးနဲ့ပတ်သက်တဲ့ တော်တော်တန်တန် စုံစုံလင်လင်ရှိတယ်လို့ ပြောရတယ်။ စာတမ်းတွေကဘက်ပေါင်းစုံက အပြည့်စုံကြီးမဟုတ်ပေမယ့် တော်တော်တန်တန် ခြုံငုံမိတဲ့သဘောရှိပါတယ်။ စာတမ်းတွေအားလုံး ကြည့်လိုက်မယ်ဆိုရင် အကျိုးသက်ရောက်မှုလည်းရှိမှာပေါ့။ အခုခေတ်မှာတော့ အရင်တုန်းကလို တံခါးပိတ်ထားတဲ့အခြေအနေမဟုတ်ဘူး၊ သူတို့မှာလေ့လာစရာတွေ အများကြီးရှိပါတယ်။ အရင်ခေတ်လူငယ်တွေထက်စာရင် ပိုပြီးအသိဉာဏ်ကြွယ်ဝမှုရှိတယ်။ ပိုပြီး ဗဟုသုတပိုများတယ်။ သို့သော်ငြားလည်း နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲတွေလုပ်တဲ့အခါမှာ ဘက်ပေါင်းစုံကလာတဲ့အတွေးအမြင်တွေ ပါလာမယ်။ သတင်းစကားတွေ အများကြီးရလာလိမ့်မယ်။ လူငယ်တွေအတွက် အကျိုးရှိပါလိမ့်မယ်။ ဖေ့စ်ဘုတ်တို့က ရတဲ့သတင်းတွေရှိတယ်။ အခု စာတမ်းဖတ်ပွဲမှာ အဲဒီကမပါတဲ့ အဖိုးတန်တဲ့ဗဟုသုတတွေရမယ်လို့ထင်ပါတယ်။ စာတမ်းဖတ်ပွဲက ပထမဆုံးအကြိမ်လည်းဖြစ်တယ်။ အချိန်လည်း လုံလုံလောက်လောက်လည်း မရဘူး။ လူလည်းကျယ်ကျယ်ပြန့်ပြန့် မပါနိုင်ဘူး။ တကယ်တမ်းဆိုရင် ဒီထက်ကျယ်ပြန့်တဲ့ အပြင်မှာရေးသားနိုင်တဲ့ ပညာရှင်တွေ အများကြီးရှိတယ်။ သူတို့ကို ဖိတ်ခေါ်ပြီး ထပ်လုပ်သွားကြရင် ပိုပြီးကောင်းမှာပါ။"


ဦးအေးမောင်

**စာမျက်နှာ ၉ သို့**




**နိုင်ငံရေး စာပေစာတမ်းဖတ်ပွဲတွင် ဖတ်ကြားမည့် စာတမ်းရှင်များနှင့် စာတမ်းအမည်များ**

| စဉ် | ရက်စွဲ | နံနက် | နေ့လယ် |
|---|---|---|---|
| ၁။ | ၂၉-၇-၂၀၁၆ (သောကြာနေ့) | **ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)** 'နဂါးနီ၏ နိုင်ငံရေးစာပေ' **ဒေါက်တာကျော်ဝင်း(ပါမောက္ခ-ငြိမ်း)** '၁၉၄၇ခုနှစ် အခြေခံဥပဒေနှင့် ခွဲထွက်ခွင့် ပြဿနာများ' **ဦးစော်သက်ထွေး(စော်သက်ထွေး)** 'အာဏာရှင်ခေတ်တွင် ပြည်ပရောက်သွားသော စာရေးဆရာများ ထုတ်ဝေရေးသားခဲ့သည့် နိုင်ငံရေးစာပေစာအုပ်များ' | **ဦးအောင်ရှင်(မုံရွာအောင်ရှင်)** '၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံရေးကဗျာများ' **ဦးမြင့်ဆွေ(မြင့်ဆွေဦး)** 'နိုင်ငံရေးစာပေအစ နဂါးနီက' **ဦးကျော်မင်းယု(ဂျင်မီ)** 'ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပါအဝင် နိုင်ငံရေးစာပေများ ရှင်သန်ဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်း' |
| ၂။ | ၃၀-၇-၂၀၁၆ (စနေနေ့) | **ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)** 'ရှေးခေတ် မြန်မာ့နိုင်ငံရေးစာပေ' **ဦးသန်းဆွေး(သင့်နော်)** 'လက်လှမ်းမီသမျှ မြန်မာ့နိုင်ငံရေးစာပေအင်အားစုသို့ ချဉ်းကပ်ခြင်း' **ဦးအောင်မြင့်ဦး(အောင်မြင့်ဦး-လူထု)** 'ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မိန့်ခွန်းများထဲမှ နိုင်ငံရေးအဘိဓမ္မာ' | **ဦးအေးမောင်(အေးမောင်ကျော်)** 'လစ်ဘရယ် ဒီမိုကရေစီ ကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း' **ဦးမိုးမြင့်ဝင်း(မိုးမြင့်ဝင်း-နည်းပညာ)** 'ဖဆပလဝန်ကြီးချုပ်သခင်နု ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်မှုကို လေ့လာသုံးသပ်ချက်' **ဦးကျော်စံလှ(ညီစေမင်း)** 'နိုင်ငံရေးစာပေများကပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှုများ' |
| ၃။ | ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) | **ဦးမောင်မောင်ဦး(ဟိန်းလတ်)** 'နိုင်ငံတကာ နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ(ပြည်ပ)' **ဦးသန်းအုန်း(မောင်စေယျာ)** 'မြန်မာ့နိုင်ငံရေး အတ္ထုပ္ပတ္တိစာပေ (၁၉၃၇-၁၉၈၇)' **ဦးရဲနိုင်အောင်(ကိုဝ)** 'နိုင်ငံရေးဘောဂဗေဒစာပေများ၏ နိုင်ငံရေးအကျိုးသက်ရောက်မှု' | **ဦးဇော်လင်း(ဇော်လင်း)** 'မြန်မာ့နိုင်ငံရေးနှင့် စာနယ်ဇင်းများ' **ဦးဇော်လင်း(လင်းအေး)** 'မြန်မာနိုင်ငံ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများနှင့် နိုင်ငံရေးစာပေ (၁၉၀၀-၁၉၄၀)' **ဦးကိုကိုလှိုင်(ကိုကိုလှိုင်)** 'ခေတ်ပြိုင်နိုင်ငံတကာ နိုင်ငံရေးအတွေးအခေါ်များ' |

**စာမျက်နှာ ၈ မှ**

**ဦးသန်းအုန်း(မောင်ဇေယျာ)**

"မြန်မာ့နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေ (၁၉၃၇-၁၉၈၇)စာတမ်းဖတ်ကြားပါမယ်။ ၂၀၁၀ နောက်ပိုင်း စာအုပ်စာတမ်းက ဖတ်ရမှာအရမ်းများတဲ့အတွက် စာတမ်းကို ၁၉၃၇ ကနေ ၁၉၈၇-၈၈ မှာ ဆုံးထားပါတယ်။ မြန်မာ့နိုင်ငံရေး အတ္ထုပ္ပတ္တိစာပေဆိုတာ အတ္ထုပ္ပတ္တိကတော့ စာဖတ်သူတွေတင်မက ဒီခေတ်မှာတော့ အတ္ထုပ္ပတ္တိစာပေကို လူကြိုက်များတယ်။ ဖတ်သင့်ဖတ်ထိုက်တဲ့ စာပေအမျိုးအစားပါ။ ဒီထဲမှာ နိုင်ငံရေးပါတဲ့အတွက် လူတော်တော်များများစိတ်ဝင်စားမှာပါ။ နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေလို့ပြောတဲ့အတွက် နိုင်ငံရေးသမားတွေရဲ့အတ္ထုပ္ပတ္တိကို စာပေမြောက်အောင် ဦးစားပေးရေးထားပါတယ်။ နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေနဲ့ နိုင်ငံရေးက ဆက်နွယ်နေတဲ့အတွက် နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေဖတ်ခြင်းဖြင့် နိုင်ငံရေးကို လူငယ်တွေ နားလည်စေပါတယ်။ အထူးသဖြင့် ဒီနေ့အချိန်အခါမှာ နိုင်ငံရေးစနစ်ပြောင်းလာတာနဲ့အမျှ နိုင်ငံရေး အခန်းကဏ္ဍက ပိုအရေးပါလာတယ်။ နိုင်ငံရေးသမားတွေရဲ့ အခန်းကဏ္ဍ ပိုအရေးကြီးလာတယ်။ နိုင်ငံရေးသမားတွေရဲ့ အတ္ထုပ္ပတ္တိကို ဖတ်ခြင်းအားဖြင့် စံပြုဖို့ ရနိုင်တဲ့ စိတ်ဓာတ်တွေ၊ လုပ်ရပ်တွေကို ဒီစာတမ်းကနေ ရနိုင်လိမ့်မယ်လို့ ရည်ရွယ်ထားပါတယ်။ နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေက ၂၀၁၀ နောက်ပိုင်းမှာ ပြန်ပြီး ဖွံ့ဖြိုးလာတယ်။ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကတော့ အတော်အားနည်းခဲ့တယ်။ အမျိုးသားစာပေ



ဦးသန်းအုန်း(မောင်ဇေယျာ)

ဆုမှာလည်း နိုင်ငံရေးစာပေက နှစ်တိုင်း မပေးနိုင်ခဲ့ဘူး။ အခု ပြန်ပေးလာတဲ့အတွက် ပြည်သူလူထုက နိုင်ငံရေးနဲ့ နည်းနည်းဝေးတယ်။ စာတမ်းဖတ်ပွဲလုပ်ခြင်းအားဖြင့် စာအုပ်တွေလည်း ထုတ်လို့ရပြီဖြစ်တဲ့အတွက် ပြည်သူအတွက် အကျိုးကျေးဇူးရပါလိမ့်မယ်။ စာတမ်း ဖတ်ပွဲကအချိန်ကောလူကောယူရတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တစ်နှစ်ကို သုံးကြိမ်လုပ်ပေးသင့်ပါတယ်။ အရင်တုန်းက စာပေဗိမာန်က စာတမ်းဖတ်ပွဲတွေလုပ်ပေးတယ်။ အခုတော့ ပြန်ကျင်းပနေပါပြီ။ စာတမ်းဖတ်ပွဲလုပ်ပေးခြင်းဖြင့် စာဖတ် ဝါသနာမပါသူအတွက် စာတမ်းဖတ်ပွဲကို နားထောင်ခြင်းဖြင့် စာအုပ်ဖတ်စရာမလိုဘဲ အသိပညာတွေ ရသွားနိုင်ပါတယ်။ ဒီနေ့ခေတ်မှာ လူတွေက စာဖတ်ဖို့ အချိန်ဆင်းရဲပါတယ်။ စာတမ်းဖတ်ပွဲရှိခြင်းအားဖြင့် ဝါသနာပါတဲ့သူတွေ၊ စာဖတ်ဖို့အချိန်မရတဲ့သူအတွက် အကျိုးကျေးဇူးရှိပါတယ်။ ဒီနေ့ခေတ် လူငယ်တွေကလည်း သမိုင်းနဲ့ အတ္ထုပ္ပတ္တိကို စိတ်ဝင်စားကြတယ်။ နိုင်ငံရဲ့သမိုင်းပဲဖြစ်ဖြစ်၊ နိုင်ငံရေးပဲဖြစ်ဖြစ် အယူအဆမျှမျှ တတမဖော်ပြနိုင်တာကြာပြီဖြစ်တဲ့အတွက် ဒီနေ့ဒီအချိန်မှာ ဒီစာပေမျိုးက လိုအပ်တယ်။ စာတမ်းဖတ်ပွဲကနေ အင်မတန် အကျိုးကျေးဇူးတွေပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

■




**○ မြန်မာအမျိုးသမီးဘောလုံးအသင်းမှ**

ဇူလိုင် ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး မေဇင်နွယ်(ဂိုး) ငယ်ငယ်ထွေးနှင့် ခင်ပြည့်လင်းတို့ ကျန်ရစ်ခဲ့သည်။ လက်ရွေးစင်ကစားသမားဘဝမှ အနားယူပြီး ပြန်လည်ကစားပေးသည့် စန်းစန်းမော်နှင့် မြဖူးငုံ(ဂိုး)တို့မှာ အပြီးသတ်လူစာရင်းတွင် ပါဝင်လာခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၇ ရက်တွင် တီမော၊ ဇူလိုင် ၂၉ ရက်တွင် မလေးရှား၊ ဇူလိုင် ၃၁ ရက်တွင် ဩစတြေးလျ ယူ-၂၀ အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ တောင်ကိုရီးယားလက်ရွေးစင်၊ ထိုင်းလက်ရွေးစင်အသင်းအပါအဝင် ဂျပန်ကလပ်အသင်းများနှင့် ခြေစမ်းပွဲရှစ်ပွဲ ယှဉ်ပြိုင်ကစားထားသည်။

**(သတင်းနှင့်ဓာတ်ပုံ-ချစ်ကိုကို)**

**● အာဆီယံမှ**

ဂျက်စတင်ပီရာက "ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် ပြင်ဆင်ထားပါတယ်။ ပြိုင်ပွဲ မတိုင်ခင်မှာ မြန်မာအသင်းနဲ့ ခြေစမ်းကစားခဲ့တဲ့ ပွဲထွက်လူစာရင်းကတော့ အပြောင်းအလဲရှိမှာဖြစ်ပြီး ကစားကွက်လည်း ပြောင်းလဲဖို့ရှိပါတယ်"ဟု ပြောကြားခဲ့သည်။ ဗီယက်နမ်အသင်းနည်းပြချုပ်မိုင်ဒူချန်က "ချန်ပီယံဆုဖလားရယူနိုင်ဖို့ ကြိုးပမ်းနေပါတယ်။ ဗီယက်နမ်ပရိသတ်တွေအတွက် အောင်မြင်မှုရယူ ပေးလိုပါတယ်"ဟု ပြောကြားခဲ့သည်။

ပြိုင်ပွဲဝင်အသင်းများအနက် တီမောအသင်းသည် လေယာဉ်လက်မှတ်အခက်အခဲကြောင့် ရောက်ရှိလာခြင်းမရှိသေးဘဲ ဇူလိုင် ၂၆ ရက်အထိ စောင့်ကြည့်သွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်ခွင့်ပြု၊ မပြုကို အာဆီယံဘောလုံးအဖွဲ့ချုပ်က ဆုံးဖြတ်သွားမည်ဖြစ်သည်။ အာဆီယံအမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှစတင်ကာ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုအဖွင့်ပွဲအဖြစ် ညနေ ၃ နာရီတွင် လက်ရှိချန်ပီယံထိုင်းအသင်းနှင့် ဖိလစ်ပိုင်းအသင်း၊ ညနေ ၆ နာရီတွင် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် ၃၀၀၀၊ ရိုးရိုးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားသည်။

**(ရှိုင်းထက်ဇော်)**

# အမေရိကန်သံရုံး၌ မျက်ရည်ယိုဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ တောင်းပန်လွှာထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၅**

အမေရိကန်သံရုံး၌ ပုံမှန်လုံခြုံရေးလေ့ကျင့်မှုတစ်ရပ်ကို ဇူလိုင် ၂၄ ရက် ည ၈နာရီခန့်က ပြုလုပ်ခဲ့ရာတွင် မျက်ရည်ယိုဗုံးဖောက်ခွဲလေ့ကျင့်မှုကြောင့် လမ်းသွားလမ်းလာနှင့် သံရုံးအနီးပတ်ဝန်းကျင်တွင် နေထိုင်သောပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ ယနေ့တွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ တောင်းပန်လွှာစာတစ်စောင်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ တောင်းပန်လွှာတွင် ဇူလိုင် ၂၄ ရက် တနင်္ဂနွေညပိုင်းက ရန်ကုန်မြို့ အမေရိကန်သံရုံး၌ ပုံမှန်လုံခြုံရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခဲ့ရာတွင် အမှုမဲ့အမှတ်မဲ့ဖြစ်ကာ လမ်းသွားလမ်းလာများနှင့် သံရုံးအနီးအနားပတ်ဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများအတွက် ကသိကအောက်ဖြစ်၍ အဆင်မပြေမှုများဖြစ်စေခဲ့ကြောင်း၊ ဤဖြစ်စဉ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်း မရှိသလို၊ သံရုံး၏လုပ်ငန်းဆောင်တာများလည်း ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤသို့ဖြစ်ပွားခဲ့ရခြင်းအတွက် သံရုံးအနီးတစ်ဝိုက်ပတ်ဝန်းကျင်အတွင်း နေထိုင်ကြသူများနှင့် ဤနေရာအတွင်း ရောက်ရှိခဲ့ကြသူများ အားလုံးကို မိမိတို့တောင်းပန်ကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**



**ဇူလိုင် ၂၅ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက်၊ မှန်ကြိုရပ်ကွက်နှင့် ရေနံစုရပ်ကွက်တို့တွင် ဧရာဝတီမြစ်ရေများဝင်ရောက်ခဲ့ပြီး ရေဘေးကြုံတွေ့နေရသူများအား ရေလွတ်ရာဘုန်းတော်ကြီးကျောင်းများသို့ တာဝန်ရှိသူများက ကူညီပြောင်းရွှေ့ပေးလျက်ရှိစဉ်။**

[အဆိုပါမြစ်ရေမြင့်တက်မှုကြောင့် အိမ်ထောင်စု ၄၈ စု ရေဘေးကြုံတွေ့ခဲ့ရသည်။]

**ရဲဝင်းနိုင်(ညောင်ဦး)**



**ဇူလိုင် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် နောင်ဦးကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းအချို့ပျက်စီးသွားရာ တာဝန်ရှိသူများနှင့် ရွာသူရွာသားများ စုပေါင်းပြီး အပျက်အစီးများအား ရှင်းလင်းနေစဉ်။**

မျိုးဝင်းညို(ကျွန်းလှ)

**ဇူလိုင် ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ မြို့မဈေးကြီး၌ မြစ်ရေတစ်ပေကျော်ခန့်မြင့်တက်လာစဉ်။** [မိုးလုံလေလုံခန်းမရှေ့ သားငါးတန်းနှင့် ကုန်ခြောက်တန်းများအား ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ မြို့နယ်စည်ပင်သာယာရေးနှင့် ဈေးတာဝန်ခံများက ယာယီဈေးရွှေ့ပြောင်းကာ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။]

**ဝင်းကြိုင်(ပြန်/ဆက်)**



**ဇူလိုင် ၂၅ ရက်က ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ဟုမ္မလင်း နောင်ပကျစ်ရပ်ကွက် ကွက်သစ်ရပ် မြေနိမ့်ပိုင်းတွင်နေထိုင်ကြသော အိမ်ထောင်စု(၁၄)စုအား ၎င်းရပ်ကွက်ရှိ အေးသုခဇရပ်သို့ ပြောင်းရွှေ့ပေးထားပြီး ကျောင်း(၃၉)ကျောင်းကိုလည်း ပိတ်ထားရကြောင်း သိရှိရပြီး တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**



လိုင်းလင်းမူ(ပြန်/ဆက်)

# မူဆယ်(၁၀၅)မိုင်တွင် မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်

**မူဆယ် ဇူလိုင် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မောဝ်ရွှေလီကုန်သွယ်ရေးဗဟိုဌာန (Trade Center) ကို ဇူလိုင် ၂၂ရက် နံနက်ပိုင်းက မူဆယ်မြို့ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်(အပေါ်ထပ်)၌ ဖွင့်လှစ်ရာ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အဖွင့်မှာစကား ပြောကြားသည်။

မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်သွယ်မှုဗဟိုဌာနရှစ်ခုကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုဖွင့်လှစ်သည့် မောဝ်ရွှေလီသည် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ကိုးခုမြောက် ဖွင့်လှစ်ခြင်းဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် သဇင်မြေကုန်သွယ်မှုဗဟိုဌာနနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနတို့ကို ထပ်မံဖွင့်လှစ်သွားရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုဗဟိုဌာနများ ဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးနှင့် ကုန်သွယ်ရေးသတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့်ကုန်သွယ်မှု မြှင့်တင်ရေးဝန်ဆောင်မှုပေးရန်တို့အတွက် ဖြစ်သည်။ မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန၏ လုပ်ငန်းစဉ်များမှာ (၁)စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းမှုများအား ဖြေကြားခြင်း၊ (၂) စာကြည့်တိုက် ဖွင့်လှစ်ထားရှိခြင်း၊ (၃) အီလက်ထရွန်နစ် သတင်းအချက်အလက်များ လေ့လာနိုင်ရန် စီစဉ်ပေးခြင်း၊ (၄) ကုန်သွယ်မှုဆိုင်ရာ စာအုပ်စာစောင်နှင့် CDများ ထုတ်လုပ်ဖြန့်ချိခြင်း၊ (၅) မြန်မာ့ပို့ကုန်ပြခန်း ဖွင့်လှစ်ထားရှိခြင်း၊ (၆) ပို့ကုန်ကြော်ငြာခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ (၇) ကုန်စည်ပြပွဲဝန်ဆောင်မှုပေးခြင်း၊ (၈) စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာဆွေးနွေးတိုင်ပင်နိုင်ရန်စီစဉ်ပေးခြင်း၊ (၉) စီးပွားရေးပညာပေး ဆွေးနွေးပွဲများ စီစဉ်ပေးခြင်း၊ (၁၀) ကုန်သွယ်မှုပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ (၁၁) လေ့လာရေးခရီးများစီစဉ်ပေးခြင်း၊ (၁၂) စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများ စီစဉ်ပေးခြင်း၊ (၁၃) အမှတ်တရပို့ကုန်ပစ္စည်းများ ရောင်းချခြင်း စရှိသည့် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့်လည်း ပြည်တွင်းကုန်ပစ္စည်းများ ဈေးကွက်ရရှိရန်နှင့် ရရှိနေသည့်ဈေးကွက်များအပြင် အခြားဈေးကွက်အသစ်များ ထပ်မံရရှိရန်အတွက် နိုင်ငံပေါင်းကိုးနိုင်ငံတွင် စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ပြီး ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နှစ်စဉ်ကုန်စည်ပြပွဲများ ကျင်းပပြီး အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို မှတ်တမ်းတင်၍ ရောင်းသူ၊ ဝယ်သူတို့ကို တိုက်ရိုက်ချိတ်ဆက်နိုင်အောင် Website တစ်ခုထူထောင် ဆောင်ရွက်လျက်ရှိသည်။

အိမ်နီးချင်းတရုတ်နိုင်ငံသို့ ကုန်သွယ်မှု မြှင့်တင်ရေးအတွက် အရည်အသွေးသတ်မှတ်ချက်စည်းမျဉ်း စည်းကမ်းများ၊ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကိုလည်း အပြန်အလှန်အသိပေးခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းများ စသည့် အချက်များကို ဆောင်ရွက်ပေးရန်လိုအပ်သည့်အတွက် ကုန်သွယ်မှုအရ အရေးပါသည့် မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာနကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ညောင်ဦးအကျဉ်းထောင်အတွင်းရှိ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်း

**ညောင်ဦး ဇူလိုင် ၂၅**

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညောင်ဦးမြို့နယ် အကျဉ်းဦးစီးဌာန ညောင်ဦးအကျဉ်းထောင်အတွင်းရှိ စာကြည့်တိုက်တွင် အသုံးပြုနိုင်ရန်အတွက် သုတ၊ ရသစာအုပ်စာစောင်များကို ဇူလိုင်၂၄ ရက်က လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သွယ်သွယ်ဦးက စာအုပ်စာစောင်များကို စာရင်းဇယားများနှင့်တကွ ပေးအပ်လှူဒါန်းခဲ့ရာ ညောင်ဦးမြို့နယ် အကျဉ်းဦးစီးဌာနမှ တာဝန်ခံအရာရှိ ဦးအောင်နိုင်ဖေက လက်ခံရယူခဲ့သည်။ ထို့နောက် အကျဉ်းထောင်အတွင်းရှိ စာကြည့်တိုက်တွင် အကျဉ်းသားများ စာအုပ် စာစောင်များ ဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူလူထုအား အသိပညာပြန့်ပွားစေရန်နှင့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာအောင် ဆောင်ရွက်သည့်အနေဖြင့် ယင်းကဲ့သို့ စာအုပ်စာစောင်များ လှူဒါန်းရခြင်းဖြစ်ပြီး ယခုလှူဒါန်းမှုတွင် မဂ္ဂဇင်းမျိုးစုံ အုပ်၂၀၊ ရုပ်ပြမျိုးစုံ အုပ် ၃၀၊ ဝတ္ထုမျိုးစုံ အုပ်၂၀၊ ဂျာနယ်မျိုးစုံ ၃၃ စောင်နှင့် မဂ်လာစာအုပ် ၅၀ စုစုပေါင်း ၁၅၃ အုပ် တို့ဖြစ်ကြောင်း၊ ထို့အပြင် အကျဉ်းဦးစီးဌာနတွင် ထားရှိသည့် Mini Book Corner အတွက် စာစောင်အသစ်များကိုလည်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ဝန်းသိုမြို့၌ ယဉ်ကျေးမှုဆိုင်ရာ ပညာပေးဟောပြော

**ဝန်းသို ဇူလိုင် ၂၅**

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို မျိုးဆက်သစ်ကလေးများက လေးစားမြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်စေရန် ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ယဉ်ကျေးမှုဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က ဝန်းသိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခွင်ကြည်တို့က မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို မြတ်နိုးတန်ဖိုးထားကြစေရေး ဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ် အမျိုးသမီးရေးရာအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောက်ရှောက်ရေးအသင်း၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**



# ယာဉ်အန္တရာယ်ကင်းဝေးရေးဆောင်ရွက်

**မြို့သစ် ဇူလိုင် ၂၅**

မကွေးခရိုင် မြို့သစ်မြို့၏ လမ်းဆုံကျသော တောင်တွင်း -မြို့သစ် - နတ်မောက် အဝေးပြေးလမ်းဆုံတွင် ပြည်သူများ ယာဉ်မတော်တဆမှုမဖြစ်ပွားစေရန်အတွက် စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များ မောင်းနှင်ခြင်း၊ ဆိုင်ကယ်မောင်းရာတွင် ဦးထုပ်မဆောင်းခြင်း၊ ဘက်မှန်နှင့် နံပါတ်ပြားတပ်ဆင်ထားမှုမရှိသည့် ဆိုင်ကယ်များကို ရက် ၁၀၀ စီမံချက် ပညာပေးကာလအတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် လက်ကမ်းစာစောင်များကိုပါ ဖြန့်ဝေပေးသည့်အတွက် စီမံချက်ကာလနောက်ပိုင်းအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုများ သိသိသာသာကျဆင်းခဲ့သည့်အတွက် ဇူလိုင်၂၅ ရက်က ယာဉ်များ ရှောင်တခင်စစ်ဆေးမှု ပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှူး ဒု-ရဲမှူးကံဘိုနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းကာ ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

သင့်စီးပွားရေးလုပ်ငန်း အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ကြက်သွန်နီဈေးနှုန်း ယခင်နှစ်ကာလတူထက်ဈေးနည်းသော်လည်း ဝင်ငွေပိုမိုရရှိ

**ရန်ကုန် ဇူလိုင် ၂၅**

ဇူလိုင် ၂၂ ရက် ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူ မြင်းခြံ တောင်သာ ကြက်သွန်နီလက်ကား တစ်ပိဿာဈေးနှုန်း ကျပ် ၄၀၀ မှ ၆၁၀ အတွင်း မိတ္ထီလာ ကျပ် ၄၅၀ မှ ၆၅၀ အတွင်း ဈေးနှုန်းရှိသည်။

ယခင်နှစ် ဇူလိုင် ၂၂ ရက်တွင် ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီတစ်ပိဿာ ကျပ် ၅၂၀ မှ ၈၆၀ အတွင်း ဈေးနှုန်းရှိခဲ့သည်။ ယခုနှစ်ကြက်သွန်နီဈေးနှုန်းမှာ ယခင်နှစ် ကာလတူထက်ဈေးနှုန်းနိမ့်နေဆဲဖြစ်သည်ဟု ဈေးနှုန်းစာရင်းများနှိုင်းယှဉ်ရာမှ သိရသည်။

၂၀၁၆ ဇူလိုင်ပထမပတ်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ် ၁၀၅ မိုင်၊ တာချီလိတ်၊ မြဝတီတို့မှ အမေရိကန်ဒေါ်လာ ၃၄၄၈၆၅ တန်ဖိုးရှိကြက်သွန်နီတန်ချိန် ၁၂၆၅ တန် ဝန်းကျင်တင်ပို့ခဲ့သည်။ ကြက်သွန်နီတစ်တန်လျှင် မူဆယ်ကုန်စည်ဒိုင်တွင် ကျပ် ၂၉၃၇၅၀ မှ ၃၀၆၉၂၀ ကျပ်အတွင်း၊ မြဝတီကုန်စည်ဒိုင်တွင် ၂၈၉၃၀၅ ကျပ်မှ ၄၀၃၉၀၂ ကျပ်အတွင်း ဈေးနှုန်းရရှိသည်ဟု ဇူလိုင် ၁၈ ရက်ထုတ် commerce စီးပွားရေးဂျာနယ်တွင် ဖော်ပြထားသည်။

ဇွန်လအတွင်း မြဝတီမှ ကြက်သွန်နီ တန် ၁၅၆၀ တာချီလိတ်မှ တန် ၁၀၀၊ ၁၀၅ မိုင် မူဆယ်စခန်းမှ ကြက်သွန်နီ ၅၇၅၅ တန်ဖြင့် စုစုပေါင်း ဇွန်လအတွင်း တန်ချိန် ၇၅၀၀ ခန့် (ပိဿာချိန် ၄၅သိန်းဝန်းကျင်) တင်ပို့မှု ရှိခဲ့သည်ဟု သိရသည်။

တရုတ်နယ်စပ်တွင်လည်း ၂ ဒသမ ၅ မီလီမီတာဝန်းကျင်အရွယ်အစားရှိ လတ်ချောသန့်ကြက်သွန်နီ တစ်ကီလိုလျှင် ၂ ဒသမ ၂ ယွမ်ဖြင့် ရောင်းချရရာ စရိတ် ၂ ယွမ်နုတ်လျှင် မြန်မာငွေကျပ် ၃၄၀ ဝန်းကျင်ရရှိသည်ဟု ဇွန်လကုန်ဝန်းကျင်နယ်စပ်ဈေးကွက်အခြေအနေသတင်းများ အရ သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၈၂ သန်းတန်ဖိုးရှိ ကြက်သွန်နီတန်ချိန် ၁၆၁၂၉ ဒသမ ၂၄၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဇွန်လကုန်အထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၂ သန်း တန်ဖိုးရှိ ကြက်သွန်နီတန်ချိန် ၂၁၀၂၈ ဒသမ ၄တန် တင်ပို့မှုရှိခဲ့ကြောင်း ဇူလိုင် ၁၁ ရက်တွင် စီးပွားကူးသန်းဝန်ကြီးဌာန၏ စီးပွားရေးသတင်းဂျာနယ် commerce တွင် ဖော်ပြထားသည်။

မြန်မာပြည်တွင် ကြက်သွန်နီစိုက်ဧက ၁ ဒသမ ၉သိန်းဝန်းကျင်စိုက်ပျိုးမှုရှိရာ ငါးရာခိုင်နှုန်းမှာ မိုးစိုက်ကြက်သွန်နီဖြစ်ပြီး ၉၅ ရာခိုင်နှုန်းမှာ ဆောင်းစိုက်ကြက်သွန်နီ (နွေကြက်သွန်) ဖြစ်သည်။ မိုးစိုက်ကြက်သွန်နီသည် တာရှည်လှောင်ထား၍မရသော်လည်း ကြက်သွန်နီဈေးနှုန်းမြင့်တတ်မှုများတတ်သည့် နှစ်ကုန်လများတွင် ဈေးကွက်သို့ ဝင်ရောက်မှုရှိသဖြင့် ဈေးနှုန်းအမြင့်ရရှိတတ်သည်။

ဆောင်းစိုက်ကြက်သွန်နီ ဈေးကွက်ခေါ် နွေကြက်သွန်နီမှာမူ ဈေးကွက်သို့ မတ်လတွင် စတင်ဝင်ရောက်ပြီး ဧပြီလတွင် အလုံးအရင်းဖြင့် ဝင်ရောက်မှုရှိသည်။ လှောင်လက်ဝယ်ယူချိန်ဖြစ်၍ နှစ်ကုန်ပိုင်းတွင် တစ်ပိဿာလျှင် ကျပ်ထောင်ဂဏန်းအထက်ရှိသော်လည်း လှောင်လက်ဝယ်ယူချိန်တွင် တစ်ပိဿာလျှင် ကျပ် ၃၀၀မှ ၅၀၀ ဝန်းကျင်အတွင်းသာလျှင် ရရှိလေ့ရှိသည်။

ကြက်သွန်နီ ပြည်တွင်းဈေးနှုန်းများမှာ ၂၀၀၆ ခုနှစ် ၂၀၀၉၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၅ နှစ်ကုန်လပိုင်းများတွင် တစ်ပိဿာကျပ် ၁၀၀၀ ဝန်းကျင်နှင့် အထက်တွင်ရှိခဲ့သည်။ ၂၀၁၂ ဒီဇင်ဘာ ၄ ရက်တွင် အလုံးကြီး (ရှယ်) တစ်ပိဿာ လက်ကားဈေး ၁၈၅၀ ကျပ်၊ ၂၀၁၅ ဒီဇင်ဘာ ၄ ရက်တွင် အလုံးကြီး (ရှယ်) တစ်ပိဿာ ကျပ် ၃၇၀၀ အထိ ဈေးမြင့်တက်ခဲ့သည်။

၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယကြက်သွန် တန် ၁၂၀ ပြည်တွင်းသို့ တင်သွင်းလာခဲ့ပြီး ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာ ၇၀၀ ကျပ်နှုန်းဖြင့် ရောင်းချမှုရှိခဲ့သည်။ ယင်းကာလပေါက်ဈေးထက် တစ်ပိဿာလျှင် ကျပ် ၃၀၀ ဝန်းကျင်ဈေးနည်းခဲ့သည်။ ပြည်တွင်းဈေးကွက်တွင် ဈေးမြင့်တတ်သည့်နှစ်များတွင် ဈေးနှုန်းသက်သာသော ပြည်ပကြက်သွန်နီများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာမှုရှိသည်။ တရုတ်၊ အိန္ဒိယကြက်သွန်နီများသည် ပြည်တွင်း ကြက်သွန်နီများကဲ့သို့ ဈေးကွက်တွင် လူကြိုက်များမှုမရှိဘဲ ဈေးနှုန်းကွာဟမှုများနေ၍ ဝင်ရောက်လာခြင်းဖြစ်သည်။

၂၀၁၅ ဒီဇင်ဘာတွင် အိန္ဒိယကြက်သွန်နီ၊ တရုတ်ကြက်သွန်နီ အများအပြားပြည်တွင်းဈေးကွက်သို့ ဝင်ရောက်မှုကြောင့် ဒီဇင်ဘာလကုန်တွင် ပြည်တွင်းကြက်သွန်နီ အလုံးကြီးတစ်ပိဿာ ကျပ် ၁၁၀၀ နှုန်းသို့ ဈေးကျလာသည်။

ပြည်တွင်းကြက်သွန်နီဈေးကွက်တွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၂၀၁၄ ခုနှစ်မှလွဲ၍ ကြက်သွန်နီများ ဈေးနှုန်းကောင်းရရှိသည်။ ၂၀၁၄ ခုနှစ်တွင်မူ တစ်ပိဿာအလုံးကြီး ကျပ် ၆၀၀ ဝန်းကျင်အထိသာ ဈေးအမြင့်ဆုံးရရှိခဲ့သည်။ ကျန်နှစ်များတွင် လှောင်လက်သမားများ ဈေးကွက်သို့ထုတ်ရောင်းသည့် ကာလအပေါ် မူတည်၍ အကျိုးအမြတ်ရရှိမှုကွာခြားမှုရှိခဲ့သည်။

၂၀၁၅ နှစ်ကုန်လပိုင်း ကြက်သွန်နီဈေးနှုန်းမကြုံစဖူးရရှိသဖြင့် ပြည်တွင်းတွင် ဆောင်းစိုက်ကြက်သွန်နီစိုက်ပျိုးမှု များပြားလာသည်။ သို့သော် ပြည်ပကြက်သွန်ဈေးနှုန်းများ နည်းနေမှုအရ ၂၀၁၆ ဇူလိုင်လလယ်တွင် ယခင်နှစ်ကာလတူ ဈေးနှုန်းကဲ့သို့ ဈေးမြင့်တက်မှုမရှိသေးသည်ကို မြင်တွေ့ရသည်။

ပြည်တွင်းဈေးကွက်တွင် ရန်ကုန်တို့ နေ့စဉ်ကြက်သွန်နီ ပုံမှန်ပျမ်းမျှ ၁၅၀၀၀၀ ဝန်းကျင်ဝင်ရောက်မှုရှိသည်။ တစ်လလျှင် ကုန်စည်ဒိုင်ဖွင့်ရက် ၂၅ ရက် ဝန်းကျင်ဖြင့် ကြက်သွန်နီပိဿာချိန် သိန်း ၄၀ ဝန်းကျင် ဝင်ရောက်မှုရှိသည်။ ယခုနှစ်ပိုင်းများတွင် ရန်ကုန်ဈေးကွက်သို့ သင်္ကြန်အလွန် ၂၀၁၆ ကုန်စည်ဒိုင်မဖွင့်သေးသော်လည်း ကုန်ပွဲရုံအရောင်းအဝယ်ရှိသည့် ဧပြီလ ၁၈ ရက်တွင် ကြက်သွန်နီအစီးရေ ၇၀ ဝန်းကျင် ပိဿာချိန် လေးသိန်းကျော် ဝင်ရောက်မှုရှိခဲ့သည်။ ၂၀၁၅ ဩဂုတ်လ ၂၂ ရက်တွင်မူ ကားစီးရေ သုံးစီးပိဿာချိန် နှစ်သောင်းခန့်ဖြင့် ဝင်ရောက်မှုအနည်းဆုံး ဖြစ်ခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းကြက်သွန်နီဈေးနှုန်းမှာ ယခင်နှစ်ကာလတူ ဈေးနှုန်းအထိ မရှိသေးသော်လည်း ကြက်သွန်နီစိုက်ပျိုးထွက်ရှိမှုနှင့် ပြည်ပတင်ပို့မှုအများဆုံးဖြစ်သော အိန္ဒိယ ပြည်တွင်း ကြက်သွန်နီစိုက်ပျိုးသူများ ကြုံတွေ့နေရသည့်အခက်အခဲမျိုးမရှိသေးသည်ကို ကြက်သွန်နီဈေးကွက်လေ့လာသူ တစ်ဦးအနေဖြင့် သုံးသပ်ရေးသားလိုက်ပါသည်။

**(မောင်စေအောင်)**

# ရေပြင်ဝေဟင် မောင်းနှင်နိုင်သောလေယာဉ် တရုတ်နိုင်ငံ ထုတ်လုပ်မှု သမိုင်းမှတ်တိုင်စိုက်ထူ




**ကွမ်ကျိုး ဇူလိုင် ၂၅**

တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရာတွင်လည်းကောင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်းကောင်း အသုံးပြုရန် ရည်ရွယ်လျက် တရုတ်နိုင်ငံက ရေပြင်တွင်ရော ဝေဟင်တွင်ပါ မောင်းနှင်နိုင်မည့် လေယာဉ်တစ်မျိုးကို ထုတ်လုပ်ထားပြီ ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လမ်းနှစ်သွယ်မောင်းနှင်နိုင်သော လေယာဉ်များအနက် အကြီးဆုံးလေယာဉ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတောင်ပိုင်း ကျူဟိုင်းမြို့ရှိ လေယာဉ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံမှ အေဂျီ-၆၀၀ အမျိုးအစား လမ်းနှစ်သွယ်မောင်းနှင်နိုင်သော လေယာဉ်ကို ထုတ်လုပ်ထားသည်။ တရုတ်နိုင်ငံ၏ မြို့ပြလေကြောင်းလုပ်ငန်းတွင် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်သော ထုတ်လုပ်မှုတစ်ရပ်ဖြစ်ကြောင်း မြို့ပြလေကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အဆိုပါလေယာဉ်သည် ၅၃ ဒသမ ၅ တန်အထိရှိသော ကုန်နှင့် လေယာဉ်အလေးချိန်ဖြင့် ဝေဟင်အတွင်းသို့ ပျံတက်နိုင်ပြီး အမြင့်ဆုံးအမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၅၀၀ ရှိကြောင်း၊ အဝေးဆုံးပျံသန်းနိုင်သည့် ခရီးတာမှာ ကီလိုမီတာ ၄၅၀၀ ဖြစ်ကြောင်း၊ ၁၂ နာရီကြာမျှ မနားမနေပျံသန်းနိုင်ကြောင်း နိုင်ငံပိုင်လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သော တရုတ်နိုင်ငံမြို့ပြလေကြောင်းဆိုင်ရာ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းက ပြောကြားသည်။

အေဂျီ -၆၀၀ အမျိုးအစား လေယာဉ်သည် အလျား ၃၇ မီတာရှိပြီး ၃၈ ဒသမ ၈ မီတာအရှည်ရှိ လေယာဉ်တောင်ပံတပ်ဆင်ထားသည်။ ယနေ့ကာလအထိ ကမ္ဘာပေါ်တွင် ဝေဟင်မှာရော ရေပြင်မှာပါ မောင်းနှင်နိုင်သော လေယာဉ်များအနက် အကြီးဆုံးဖြစ်ကာ ဘိုးရင်း-၇၃၇ လေယာဉ်အရွယ်အစားတမျှရှိသည်ဆို၏။ **ဆင်ဟွာ။**

# အိန္ဒိယလေတပ်မှ ပျောက်ဆုံးလေယာဉ်ကို တတိယမြောက်နေ့အဖြစ် ဆက်လက်ရှာဖွေ

**မွမ်ဘိုင်း ဇူလိုင် ၂၅**

လေပြင်းမုန်တိုင်း တိုက်လေ့ရှိသော မုတ်သုံရာသီအတွင်း ဘင်္ဂလားပင်လယ်အော်၌ ဇူလိုင် ၂၂ ရက်က လူပေါင်း ၂၉ ဦးအား တင်ဆောင်ပျံသန်းလာစဉ် ပျောက်ဆုံးသွားခဲ့သော အိန္ဒိယလေတပ်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းကို ဇူလိုင် ၂၄ ရက်တွင် တတိယမြောက်နေ့အဖြစ် အင်အားအများအပြား အသုံးပြုကာ ဆက်လက်ရှာဖွေခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။




ရှာဖွေရေးလုပ်ငန်းကို စဉ်ဆက်မပြတ် လုပ်ဆောင်နေသော်လည်း လေယာဉ်ပျက်မှဟု ယူဆရသည့် မည်သည့် အပျက်အစီးအပိုင်းအစကိုမျှ ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း အိန္ဒိယရေတပ်နှင့် လေတပ်တို့မှ တာဝန်ရှိသူများက ပြောကြားသည်။

ဇူလိုင် ၂၃ ရက်တွင် လေယာဉ်ပျက်ကို ရှာဖွေနေသော နေရာဒေသ၌ မုတ်သုံတိမ်တိုက်များ ထူထပ်ကာ ပင်လယ်ပြင်၌ လှိုင်းကြက်ခွပ်များ ထနေသောကြောင့် ရှာဖွေရေးလုပ်ငန်း နှောင့်နှေးကြန့်ကြာခဲ့ရသော်လည်း ဇူလိုင် ၂၄ ရက်တွင် ကောင်းကင်ပြင်ကြည်လင်နေပြီး ရာသီဥတုအခြေအနေ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ပျောက်ဆုံးလေယာဉ်ကို ရှာဖွေသည့် လုပ်ငန်းတွင် ရေငုပ်သင်္ဘောတစ်စင်း၊ ရေယာဉ် ၁၆ စင်းနှင့် လေယာဉ်ခြောက်စင်းတို့ ပါဝင်ကြသည်။ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ အစွန်အဖျားဒေသကျွန်းများပင်မကျန် ပျောက်ဆုံးလေယာဉ်ပျံသန်းခဲ့ဖွယ်ရှိသည့် လမ်းကြောင်းအတိုင်း ရှာဖွေခဲ့ကြသည်။

ရုရှားနိုင်ငံလုပ် အေအင်န်-၃၂ အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်သည် အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်း ချန်နိုင်းမြို့မှ အန်ဒမန်နှင့် ပို့ဘလဲယားသို့ ပျံသန်းစဉ် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်တွင် လေယာဉ်အဖွဲ့ဝင်ခြောက်ဦး အပါအဝင် စစ်သည် ၂၁ ဦးပါရှိကြောင်း၊ ကပ္ပလီနှင့် နီကိုဘာကျွန်းစုတွင် တာဝန်ကျသော တပ်ဖွဲ့ဝင်အချို့၏ မိသားစုဝင် အရပ်သားများလည်း လိုက်ပါခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် တောင်တရုတ်ပင်လယ်အရေး သဘောတူညီချက်မရ

**ဗီယင်ကျန်း ဇူလိုင် ၂၅**

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက တောင်တရုတ်ပင်လယ်တွင် မကြာသေးမီကဖြစ်ပွားခဲ့သည့် ပိုင်ဆိုင်မှုအငြင်းပွားမှုပြဿနာများ အရှိန်မြင့်လာမှုနှင့်ပတ်သက်၍ ပူးတွဲကြေညာချက်တစ်စောင်ကို ဇူလိုင် ၂၅ ရက်က ထုတ်ပြန်ခဲ့သည်။

သို့သော် ယခုလအစောပိုင်းတွင် တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံကပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုထားသည့်အချက်များကို နိုင်ငံတကာခုံသမာဓိရုံးက ပယ်ချခဲ့သည့်အချက်ကို ယခုကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပလျက်ရှိပြီး ဇူလိုင် ၂၄ ရက်တွင် ပူးတွဲကြေညာချက် မထုတ်ပြန်နိုင်ဘဲ အစည်းအဝေးပြီးဆုံးခဲ့ရသည်။

တောင်တရုတ်ပင်လယ်ပိုင်နက်နယ်မြေအငြင်းပွားမှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် အငြင်းပွားမှုလျက်ရှိသည့် ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့သည် ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏မဟာမိတ် ကမ္ဘောဒီးယားကဲ့သို့နိုင်ငံများနှင့် သဘောထားကွဲမှုများ ဖြစ်ပွားလျက်ရှိသည်။

ဇူလိုင် ၂၅ ရက်က ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် တောင်တရုတ်ပင်လယ် အငြင်းပွားမှုနှင့်ပတ်သက်၍ သံတမန်ရေးနည်းလမ်းများနှင့် ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝလေးစားလိုက်နာရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ။**

# မြောက်ကိုရီးယား အလုပ်သမားများကို လက်ခံခြင်းမပြုကြရန် ဂျပန်တိုက်တွန်း

**တိုကျို ဇူလိုင် ၂၅**

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးရေး သုတေသနစီမံကိန်းများသို့ ငွေကြေးရောက်ရှိနိုင်သည့်လမ်းကြောင်းကို ဖြတ်တောက်နိုင်ရန် ရည်ရွယ်လျက် ယင်းနိုင်ငံမှ အလုပ်သမားများကို ကာလရှည်လက်ခံအသုံးပြုလာခဲ့သော နိုင်ငံများအနေဖြင့် နောက်ထပ်လက်ခံခြင်းမပြုကြရန် ဂျပန်အစိုးရအဖွဲ့က အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့်အတူ ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် သတိပေးချက်များကိုအာခံလျက် နျူကလီးယားစမ်းသပ်မှု လေးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ နောက်ဆုံးစမ်းသပ်မှုမှာ ဇန်ဝါရီလမှဖြစ်ပြီး ပဲ့ထိန်းဒုံးကျည် နည်းပညာအသုံးပြုသော ရော့ကက်လောင်ချာဒုံးများကိုလည်း စမ်းသပ်ခဲ့သည်။

မြောက်ကိုရီးယား၏ လက်နက်စမ်းသပ်မှုများကို တုံ့ပြန်သည့်အနေဖြင့် ယင်းနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်သောနည်းလမ်းဖြစ်သည့် ပြည်ပသို့ အလုပ်သမားများစေလွှတ်မှုကို ဖြတ်တောက်နိုင်စေရေးအတွက် ပိတ်ဆို့မှုများ ပြုလုပ်နိုင်ရန် ဂျပန်အစိုးရအဖွဲ့က အမေရိကန်နှင့် တောင်ကိုရီးယားတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ **ကျိုဒို။**

# ဂျာမနီတွင် ဆီးရီးယားရွှေ့ပြောင်းဒုက္ခသည်တစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်

**ဘာလင် ဇူလိုင် ၂၅**

ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဗေးရီးယားပြည်နယ်တွင် အသက် ၂၇ နှစ်ရှိ ဆီးရီးယားနိုင်ငံသားတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထိခိုက်ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ အခြေအနေစိုးရိမ်ရသည်ဟု ဆိုသည်။




အန်းရှ်ဘက်မြို့တွင် တနင်္ဂနွေနေ့က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဂျာမနီတာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်ခဲ့သည်။ ဗုံးဖောက်ခွဲခဲ့သည့် အမျိုးသားသည် ၂၀၁၄ ခုနှစ်က ဂျာမနီနိုင်ငံသို့ ခိုလှုံခွင့်တောင်းခံထားခဲ့ရာ လွန်ခဲ့သည့်နှစ်တွင် ပယ်ချခံခဲ့ရကြောင်း၊ အဆိုပါအမျိုးသားသည် ထိုစဉ်ကတည်းက လူသားချင်းစာနာထောက်ထားမှု အကူအညီများဖြင့် ဂျာမနီနိုင်ငံရှိ ဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ရကြောင်း၊ ယခင်ကလည်း သူ့ကိုယ်သူ သတ်သေရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြောင်းနှင့် ယခုကဲ့သို့ အသေခံတိုက်ခိုက်ရန်နှင့် အခြားသူများကိုပါ သတ်ဖြတ်ရန် မည်သည့်အတွက်ကြောင့် စီစဉ်ခဲ့ရသည်ကို မသိရသေးကြောင်း တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဗုံးဖောက်ခွဲသည့်နေ့ အစောပိုင်းတွင် အဆိုပါအမျိုးသားသည် လဟာပြင်ဂီတပွဲတော်သို့ သွားရောက်ရန် ကြိုးစားခဲ့သော်လည်း ဝင်ခွင့်မရရှိဘဲ ငြင်းပယ်ခံခဲ့ရသည့်အတွက် ဂီတပွဲတော်ဝင်ပေါက်အနီးတွင် ဗုံးဖောက်ခွဲရန် ကြိုးစားခြင်းဖြစ်မည်ဟု ယူဆရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၆- ၇ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ - အဖွင့်
- မိုးလေဝသအစီအစဉ်
- ပြည်သူ့နီတိ "စည်းအပြင်က လူ"
၆း၂၀ - ကာတွန်းအစီအစဉ် "Bleach : Fade to Black Final" (အပိုင်း-၁)
၇း၁၀ - နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၄၈)
၇း၅၀ - နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၈)
၈း၃၀ - MRTV-4 Entertainment Music
၈း၄၀ - မြိတ်-ကော့သောင်းခရီးစဉ် (အပိုင်း-၂)
၉း၀၀ - နိုင်ငံတကာ ရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၁၀ - မြန်မာ့ရိုးရာတူရိယာ "မြန်မာ ဗုံ"
၉း၃၀ - တေးဂီတအစီအစဉ်
၉း၄၀ - မေဖူးဟန်
၁၀း၀၀ - မြန်မာဗီဒီယိုဇာတ်လမ်း "သတင်းကောင်း"
၁၂း၀၀ - အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | | (ရောဝတီယူနိုက်တက်အသင်း) |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ | ၅း၁၅ | "၂၀၁၆ခုနှစ်၊ မုန်တိုင်းအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်း" |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "FACEBOOKအန္တရာယ်" | ၅း၃၅ | မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်းများ(အပိုင်း-၂) "စတော့အိတ်ချိန်းအရင်းအနှီး မြှင့်တင်ခြင်းနှင့် အရင်းအနှီးမြှုပ်နှံခြင်း" |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် | | |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် | | |
| ၁၁း၃၅ | "၂၀၁၆ခုနှစ်၊ ဇူလိုင်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ | ၆း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (မင်းချစ်သူ၊ ဝိုင်းလမင်းအောင်) |
| | | ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၆၉) |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၂) | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၁း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၆၈) | ၉း၀၀ | ပြည်တွင်းသတင်း Yes orNo Talk Show "Season(2)၊ Physical Libratry (or)Digital Library(Part-2)" |
| ၂း၄၅ | "အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း | | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၃) |
| ၃း၃၅ | လူမှုစီးပွားမြင်ကွင်းများ | | နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား" (အပိုင်း-၂၃) |
| ၄း၁၅ | "လက်မှုပညာနဲ့ အလှဆင်စွန့်ပစ် ပစ္စည်းအုန်းသီးခွံ" | | |
| ၄း၃၅ | Football Magazine | | |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၄း၄၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၅ | မေတ္တာပို့ | ၄း၅၅ | သာယာသီကြွေးခေတ် ဆန်းတေး |
| ၇း၂၀ | ဓမ္မပူဇာတေး | | |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၅း၀၀ | Sport Review |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ | ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၄၁) |
| ၈း၁၅ | DVD Hits | | |
| ၈း၄၅ | ခရီးလည်းသွားစကားလည်းဆို | | |
| ၉း၁၀ | World Wide Web | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရှက်ဦးရဲ့ ချစ်ပန်းသခင် အပိုင်း(၄၁) |
| ၉း၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | |
| ၁၀း၁၅ | Books Guide | | |
| ၁၀း၃၀ | Guide For You | ၆း၁၀ | Let's Go To |
| ၁၀း၄၅ | သီချင်းလက်ဆောင် | ၆း၃၅ | Dream Team ရဲ့ စိန်ခေါ်မှုများ |
| ၁၁း၁၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူတို့စိတ်ဝမ်း အေးချမ်းပါစေ အပိုင်း(၅၃) |
| ၁၁း၂၅ | Sportcast | | |
| ၁၁း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ | | |
| ၁၂း၀၀ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ | | -VOA အင်္ဂလိပ်စာသင်ခန်းစာ -ဟာသရုပ်စုံ |
| ၁၂း၂၅ | ကျန်းမာသုတ | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဏ္ဏဝါချစ်သူ အပိုင်း(၈) |
| ၄း၂၅ | အလွမ်းတေးပန်းချီ ချစ်သူဆီ | | |
| ၄း၃၅ | အင်္ဂလိပ်စာသုတ | | |

### mitv

07:26 Insight Myanmar "ILO-SIYB Project" (Episode-III)
07:43 We'll Leave After 12 Passengers Are On Board ……..
08:26 Hanlin, A Treasure Trove Of The Ancient Pyu City
08:51 Dengue Fever
09:26 Culture Show: Abdication of King Thibaw
09:43 Licuala Palm Leaf
09:52 Today Myanmar: Small & Medium Enterprises (SME)
10:26 Herbal Medicine By Thurein (Ta Bin Dine Mya Nan) (Vitis)
07:26 A Day Out With Sarah (Ep-3)
07:51 Inspiration
08:26 A Day Life Of Kayan Padaung Tribe
08:55 Myanmar Street Foods

# Miss Universe Thailand 2016 အလှမယ်ရွေးချယ်ပွဲကျင်းပ



ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့တဲ့ Miss Universe Thailand 2016 အလှမယ်ရွေးချယ်ပွဲမှာ အသက် (၂၁)နှစ်အရွယ်ရှိ Chalita Suansanae က သရဖူရရှိဆွတ်ခူးခဲ့ပြီး မကြာမီကျင်းပမည့် Miss Universe 2016 ပြိုင်ပွဲတွင် ထိုင်းနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

(၁၇)ကြိမ်မြောက်အဖြစ် ကျင်းပတဲ့ အဆိုပါအလှမယ်ရွေးချယ်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Siam Paragon ရှော့ပင်းမောလ်မှာရှိတဲ့ Royal Paragon Hall မှာ ကျင်းပခဲ့တာဖြစ်ပြီး ထိုင်းနိုင်ငံတစ်ဝန်းမှ အလှမယ်အယောက် ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတယ်လို့ သိရပါတယ်။

Miss Universe Thailand 2016 အလှမယ်အဖြစ် ရွေးချယ်ခံခဲ့ရတဲ့ Chalita ဟာ မော်ဒယ်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကို လုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး ဒီအလှမယ်ရွေးချယ်ပွဲဟာ သူ့အတွက်ပထမဆုံးသော အလှမယ်ပြိုင်ပွဲတစ်ပွဲဖြစ်တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် အလှမယ်မျိုးရိုးရှိသူ Chalita ရဲ့ မိခင်ဟာလည်း တစ်ချိန်က မော်ဒယ်တစ်ဦးဖြစ်ပြီး Miss Songkran အလှမယ်တစ်ဦး ဖြစ်ခဲ့ပါတယ်။

Chalita ဟာ မကြာခင်မှာ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ကျင်းပမယ့် Miss Universe 2016 အလှမယ်ရွေးချယ်ပွဲမှာ နိုင်ငံတကာက အလှမယ်တွေနဲ့ ရင်ပေါင်တန်းပြီး ထိုင်းနိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံကိုယ်စားပြုအလှမယ်များအနေနဲ့ ၁၉၆၅ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ်မှာ Miss Universe ပြိုင်ပွဲမှာ သရဖူဆောင်းနိုင်ခဲ့ပြီး ပြီးခဲ့တဲ့နှစ်ကပြိုင်ပွဲမှာ ထိုင်းအလှမယ်ဟာ Top 10 စာရင်းဝင်ဖြစ်ခဲ့တာမို့ ဒီနှစ် ထိုင်းနိုင်ငံကိုယ်စားပြုအလှမယ် Chalita Suansanae ကိုတော့ Miss Universe ပြိုင်ပွဲမှာ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။



# ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဂျူရီအဖွဲ့ဝင်တစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ရမည့် ပထမဆုံးကိုရီးယားသရုပ်ဆောင်မွန်းဆိုရီ

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး မွန်းဆိုရီသည် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ဂျူရီအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရမည့် ပထမဆုံးကိုရီးယား သရုပ်ဆောင်တစ်ဦး ဖြစ်လာမည်ဖြစ်သည်။

မင်းသမီး မွန်းဆိုရီ၏ အေဂျင်စီက အဆိုပါသတင်းကို ဇူလိုင် ၂၄ ရက်က အတည်ပြုပေးခဲ့ပြီး Orizzonti section ၏ ဂျူရီအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မွန်းဆိုရီသည် အခြားသော အထင်ကရနိုင်ငံတကာရုပ်ရှင်ပွဲတော်များဖြစ်သည့် ဘူဆန်ရုပ်ရှင်ပွဲတော်၊ တိုကျိုရုပ်ရှင်ပွဲတော်၊ Jeonju ရုပ်ရှင်ပွဲတော်နှင့် အခြားသော ရုပ်ရှင်ပွဲတော်များတွင်လည်း ဂျူရီအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ဖူးသူဖြစ်သည်။ "ဗင်းနစ်ရုပ်ရှင်ပွဲတော်နဲ့ ပတ်သက်တဲ့ အမှတ်တရတွေ ကျွန်မမှာအများကြီးရှိပါတယ်။ ဒီနှစ်မှာလည်း အရင်နှစ်တွေကထက် ပိုစွမ်းဆောင်နိုင်အောင် ကြိုးစားသွားမှာပါ"ဟု မွန်းဆိုရီက ဆိုသည်။

ရုပ်ရှင်သရုပ်ဆောင် မွန်းဆိုရီသည် (၅၉)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ၎င်း၏ပွဲဦးထွက် နာမည်ကြီးဇာတ်ကားဖြစ်သည့် Oasis ဖြင့် Marcello Mastroianni Award for Emerging Actor or Actress ဆုရရှိခဲ့သူဖြစ်သည်။ (၇၃)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာလအထိ အီတလီနိုင်ငံ ဗင်းနစ်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

မျိုး စ န္ဒာ မောင် - စု စည်း ရေး သား သည်

# ခန္ဓာကိုယ်ထိန်းသိမ်းနည်းများကို ပရိသတ်များအား ဝေမျှခဲ့သည့် တေးသံရှင် ပတ်ခ်ဘိုရမ်



ဂီတလှုပ်ရှားမှုများအပြင် သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုများကိုပါ ပူးတွဲဆောင်ရွက်လျက်ရှိသူ ကေပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်သူ ပတ်ခ်ဘိုရမ်က ၎င်း၏ ခန္ဓာကိုယ်ထိန်းသိမ်းနည်းများကို ပရိသတ်များအား ဝေမျှခဲ့သည်။

Mnet ရုပ်သံလိုင်း၏ Superstar K2 အပြီးတွင် ခန္ဓာကိုယ်အလေးချိန် သိသိသာသာလျှော့ကျခဲ့သည့် ပတ်ခ်ဘိုရမ်က လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့်သာ ခန္ဓာကိုယ်အလေးချိန်ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ၇၀ ပေါင်ကျော် ကျဆင်းခဲ့ကြောင်း အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

ပတ်ခ်ဘိုရမ်သည် ယခုအခါ သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုအဖြစ် အမ်ဘီစီ ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် King of Mask Singer ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည်။ ထို့အပြင် ပတ်ခ်ဘိုရမ်သည် ၂၀၁၄ ခုနှစ်က Beautiful အမည်ရှိ တစ်ကိုယ်တော်ဒစ်ဂျစ်တယ်အယ်လ်ဘမ်ကို ဖြန့်ချိခဲ့ပြီး ယင်းအယ်လ်ဘမ်ဖြင့် Artist of the Year for August ဆုရရှိခဲ့ပြီး ဂီတဆိုင်ရာဆုပေါင်းများစွာကိုလည်း လျာထားခြင်းခံခဲ့ရသူတစ်ဦးဖြစ်သည်။

# ရီးယဲလ်မက်ဒရစ်မှာပဲ ကာလကြာရှည် ကစားသွားမယ့် ဗာရာနီ



ရီးယဲလ်မက်ဒရစ်နောက်ခံလူ ဗာရာနီအား ဥရောပကလပ်အသင်းများက ချိတ်ဆက်နေသော်လည်း လက်ရှိကလပ်အသင်းတွင်သာ ပျော်ရွှင်မှု ရရှိနေသောကြောင့် ရီးယဲလ်တွင်သာ ကာလကြာရှည်စွာ ဆက်လက် ရှိနေမည်ဖြစ်ကြောင်း ဗာရာနီကဆိုသည်။ ဗာရာနီက ရီးယဲလ်မှထွက်ခွာရန် မည်သည့်အချိန်ကမျှ မစဉ်းစားမိသလို အနာဂတ်တွင်လည်း ရီးယဲလ်နှင့်သာ ဆက်လက်ပူးပေါင်းမည်ဟု ပြောကြားခဲ့သည်။

ရီးယဲလ်နည်းပြ ဇီဒန်းသည် ဗဟိုခံစစ်နေရာအတွက် ရာမို့စ်နှင့် တွဲဖက်ကစားရန် ပီပီကိုသာ ရွေးချယ်နေသည့်အတွက် ဇီဒန်းရီးယဲလ်ကို စတင်တာဝန်ယူခဲ့သည့်အချိန် ပြီးခဲ့သည့် ဇန်နဝါရီလမှစတင်၍ ဗာရာနီမှာ ပုံမှန်ပွဲထွက် ကစားခွင့်ပျောက် ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဗာရာနီအနေဖြင့် ဆရာဟောင်း မော်ရင်ဟိုရှိရာ မန်ယူအသင်းသို့ ပြောင်းရွှေ့တော့မည်ဟု သတင်းများ ထွက်ပေါ်နေရာ ဗာရာနီက ယခုကဲ့သို့တုံ့ပြန်ခဲ့သည်။

ဗာရာနီက ဇီဒန်းနှင့် ဆွေးနွေးမှုပြုခဲ့ပြီးဖြစ်သလို ရီးယဲလ်အသင်းဖော်များနှင့် လေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်နေခြင်းက သူ၏ခြေစွမ်း ဆက်လက်တိုးတက်လာရေးကို အထောက်အကူပြုမည်ဟု ယုံကြည်သောကြောင့် ရီးယဲလ်တွင်သာ ဆက်ရှိနေမည်ဖြစ်ကြောင်း အခိုင်အမာဆိုခဲ့သည်။

**မေလှဲ့သင်း**

# ဂျူဗင်တပ်သို့ ဟီဂွေအင် ပြောင်းရွှေ့ခြင်းကြောင့် နာကျင်ရတဲ့ မာရာဒိုနာ

နာပိုလီတိုက်စစ်မှူး ဟီဂွေအင်ဟာ စီးရီးအေပြိုင်ဘက် ဂျူဗင်တပ်ကိုပြောင်းရွှေ့ဖို့ သဘောတူညီချက်ပေးခဲ့ပြီးဖြစ်တာကြောင့် ဒီကိစ္စရပ်အပေါ် စိတ်ပျက်ဝမ်းနည်းရတယ်လို့ နာပိုလီအသင်းရဲ့ ဂန္ထဝင်ကစားသမားဟောင်း မာရာဒိုနာက ဆိုပါတယ်။ မာရာဒိုနာကတော့ ဒီဘက်ခေတ်ဘောလုံးလောကရဲ့ ငွေကြေးသုံးစွဲမှုတွေ ဟာ ကလပ်အသင်းတချို့ရဲ့ အိပ်မက်တွေကို ရိုက်ချိုးနေတယ်လို့လည်း ဝေဖန်စကား ဆိုခဲ့ပါတယ်။

ဟီဂွေအင်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၇၉ သန်း (ယူရို ၉၅ သန်း) ပေးချေဖို့ နာပိုလီနဲ့ ဂျူဗင်တပ်အသင်းကြား သဘောတူညီခဲ့ကြတာဖြစ်ပါတယ်။ မာရာဒိုနာက နေပယ်မြို့ အခြေစိုက် နာပိုလီအသင်းနဲ့အတူ စီရီအေချန်ပီယံ နှစ်ကြိမ်ဖြစ်ထားခဲ့သူဖြစ်ပြီး ဟီဂွေအင်ကိုလည်း မာရာဒိုနာ လက်သစ်အဖြစ် နာပိုလီပရိသတ်တွေက လက်ခံထားကြ တာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရာသီ ဟီဂွေအင်ရဲ့ ခြေစွမ်းက အမြင့်ဆုံးအဆင့်ကို ရောက်ရှိခဲ့ပြီးနောက်မှာ ဥရောပအသင်းအတော်များများက ဒီကစားသမားကို ခေါ်ယူဖို့ ချိတ်ဆက်နေတဲ့ကြားက နာပိုလီကလည်း စီးရီးအေပြိုင်ဘက် ဂျူဗင်တပ်ကိုရောင်းချဖို့ သဘော တူညီခဲ့တာဟာ အားလုံးအတွက် အံ့အားသင့်စရာ ဖြစ်ခဲ့ရတယ်။

"ဟီဂွေအင် ဂျူဗင်တပ်ကိုပြောင်းရွှေ့မယ့် ကိစ္စက ကျွန်တော့်ကို တကယ်ပဲနာကျင်စေရပါတယ်။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး ကစားသမားကိုအပြစ်တင်ဖို့ မရှိပါဘူး။ ကစားသမားဆိုတာ သူ့တာဝန်အတိုင်း သူလုပ်ဆောင်ရတာဖြစ်ပါတယ်။ ဒီဘက်ခေတ် ဘောလုံးလောကဟာ ငွေကြေးသုံးစွဲမှုအပေါ်သာ အဓိကအရေးထားနေပြီး ဘယ်သူတစ်ဦးတစ်ယောက်ကမှ ပရိသတ် တွေရဲ့ခံစားချက်ကို ထည့်မတွက်ကြပါ ဘူး" လို့ မာရာဒိုနာက သူ့ရဲ့ဖေ့စ်ဘွတ်စာမျက်နှာမှာ ရေးသားခဲ့ပါတယ်။



ဟီဂွေအင်ကို ခေါ်ယူဖို့ အက်သလက်တီကို၊ မက်ဒရစ်၊ အာဆင်နယ်တို့ကလည်း ကမ်းလှမ်းခဲ့ပေမယ့် ကစားသမားကိုယ်တိုင်ကလည်း ဂျူဗင်ကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ မာရာဒိုနာ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ အာဂျင်တီးနားလက်ရွေးစင်အသင်းနည်းပြအဖြစ် ဆောင်ရွက်စဉ် ဟီဂွေအင်နဲ့ လက်တွဲခဲ့ဖူးပြီး အခုလို ရေးသားချက်ဟာ ဟီဂွေအင်ထက် နာပိုလီဥက္ကဋ္ဌ ဒီလော်ရန်တစ်ကိုသာ ရည်ရွယ်တယ်လို့ သိရပါတယ်။

"ဒီဘက်ခေတ်မှာ အသင်းဥက္ကဋ္ဌကောင်းရဖို့ထက် ကလပ်အသင်း စီးပွားရေးကောင်းဖို့ကသာ ပိုပြီးအရေးကြီး နေပါတယ်။ ဒီလိုကိစ္စတွေ ဖြစ်နေတဲ့အပေါ် ဖြေရှင်းဖို့ ဖီဖာတာဝန်ရှိသူတွေကလည်း အိပ်ပျော်လို့ကောင်းနေတုန်းပဲ"လို့လည်း ဆက်လက် ဝေဖန် ခဲ့ပါတယ်။

**မေလှဲ့သင်း**

# မာရက်ဇ်နှင့် လာကာဇက်တီအား ပေါင် ၇၅ သန်းဖြင့် ခေါ်ယူရန်အာဆင်နယ်ပြင်ဆင်




ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လက်စတာစီးတီးတောင်ပံကစားသမား မာရက်ဇ်နှင့် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီတို့နှစ်ဦးအား ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် ခေါ်ယူသွားရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် အသင်း၏ တိုက်စစ်ပိုင်းအင်အားကိုမြှင့်တင်ရန်အတွက် မာရက်ဇ်နှင့် လာကာဇက်တီတို့ကို ခေါ်ယူရန်ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံဖြစ်ခွင့်နှင့်လွဲကာ အမှတ်ပေးဇယားဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည့်အသင်းဖြစ်သည်။

နည်းပြအာစင်ဝင်းဂါးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံး ကစား သမားဆုကိုဆွတ်ခူးနိုင်ခဲ့သည့် တောင်ပံကစားသမားမာရက်ဇ်ကို အမ်းမရိတ်စ်အရောက်ခေါ်ယူရန် ပြင်ဆင်လျက် ရှိသော်လည်း အာစင်ဝင်းဂါးအဓိကပစ်မှတ်ထားနေသည့်ကစားသမား လာကာဇက်တီပင်ဖြစ်ကြောင်းလည်း အာစင်ဝင်းဂါးက ဆိုသည်။

တောင်ပံကစားသမား မာရက်ဇ်ကို ခေါ်ယူမည်ဆိုပါက အာဆင်နယ်အသင်းသည် ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းကုန်ကျမည်ဖြစ်ပြီး လက်ရှိတွင်မာရက်ဇ်သည် လက်စတာစီးတီးအသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ကျန်ရှိနေသေးသည့် ကစားသမားတစ်ဦးဖြစ်သည်။

အယ်လ်ဂျီးရီးယားကြယ်ပွင့် မာရက်ဇ်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာအသင်း၏ ပစ်မှတ်ထားခြင်းကိုခံခဲ့ရသော်လည်း တောင်ပံကစားသမား မာရက်ဇ်ကမူ အင်္ဂလန်မြေ၌သာ ဆက်ကစားရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီသည်လည်း ပြင်သစ်ပထမတန်းပြိုင်ပွဲတွင် လိုင်ယွန် အသင်းနှင့် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ခေါ်ယူရန်ပစ်မှတ်ထားခဲ့ပြီး ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲကာလအတွင်း လာကာဇက်တီ၏ ကိုယ်စားလှယ်ဖြစ်သူနှင့် ဆွေးနွေးမှုများပြုလုပ်ထားခဲ့ပြီးဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ပထမအသင်းအတွက်ရွေးချယ်ထားသည့် ကစားသမားငါးဦးအထိ အဆိုပါပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်းသိရသည်။

အဆိုပါကစားသမားများမှာ ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အနိမ့်ဆုံးဆီမီးဖိုင်နယ်အဆင့်အထိ ကစားခဲ့ရသည့် အိုလီဗာဂီရော့ဒ်၊ အိုဇေးလ်၊ အာရွန်ရမ်ဆေးတို့အပြင် ၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ချီလီအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားခဲ့သည့် ဆန်းချက်ဇ်သည်လည်း ဒဏ်ရာပြဿနာကြောင့် ပါဝင်လာမည်မဟုတ်ပေ။ ထို့ပြင် တိုက်စစ်မှူးဝဲလ်ဘက်သည်လည်း ဒဏ်ရာပြဿနာကြောင့် ၂၀၁၇ ခုနှစ်အထိ လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တောင်ပံကစားသမားမာရက်ဇ်နှင့် တိုက်စစ်မှူး လာကာဇက်တီတို့ကို တိုက်စစ်ပိုင်းအတွက် စာချုပ်ချုပ်ဆိုခေါ်ယူရန် ပြင်ဆင်လျက်ရှိသော်လည်း လက်ရှိတွင် လာကာဇက်တီကိုနှင့်သာ ဆွေးနွေးမှုများ ပြုလုပ်ထားနိုင်ခဲ့သည်။

**ငွေကြယ်**

# ရှဝိန်းစတိုင်ဂါ မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိနေ



မန်ယူအသင်းသည် အီဘရာဟီမိုဗစ်ချ်၊ အဲရစ်ဘိုင်လီနှင့် အမ်တာယန်တို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သည့်အပြင် ကွင်းလယ်ကစားသမား ပေါ့ဘာကိုလည်း ပေါင်သန်း ၁၀၀ ပေး၍ ခေါ်ယူရန်ပြင်ဆင်လျက်ရှိနေခြင်းကြောင့် ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါသည် မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

ရှဝိန်းစတိုင်ဂါသည် ဘိုင်ယန်မြူးနစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၆ ဒသမ ၆ သန်းဖြင့် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး တစ်ပတ်လုပ်ခလစာ ပေါင် ၁၅၀၀၀၀ ဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။ လက်ရှိတွင် ပီအက်စ်ဂျီအသင်း၏ စိတ်ဝင်စားမှုကို ခံထားရသူဖြစ်သည်။ ရှဝိန်းစတိုင်ဂါအပြင် မန်ယူအသင်း ကစားသမားများ ဖြစ်သည့် မာတာ၊ ဒီပေး၊ ဂျာနူဇက်နှင့် အက်ရှလေယန်းတို့သည်လည်း မန်ယူအသင်းတွင် ဆက်ရှိရန်မသေချာသေးကြောင်းလည်း သိရသည်။

**(ငွေကြယ်)**

# စစ်ကိုင်းမြို့လူထုစုပေါင်း စက်ဘီးစီးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

စက်ဘီးအားကစားနည်းကို ပြည်သူလူထု စိတ်ပါဝင်စား လာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန်၊ လေထု ညစ်ညမ်းမှုကို ကာကွယ်ရန်နှင့် စက်သုံးဆီခြိုးခြံချွေတာနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး လူထုစုပေါင်းစက်ဘီးစီးပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၆နာရီခွဲတွင် စစ်ကိုင်းမြို့ ရွှေမင်းဝံပန်းခြံရှေ့မှ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာ ဇော်ဝင်းက သေနတ်ပစ်ဖောက်ကာ တာလွှတ်ပေးပြီး စက်ဘီးဝါသနာရှင် ပြည်သူများအင်အား ၂၀၀ မြို့တစ်ပတ် တပျော်တပါးစီးနင်းခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ဇော်**

# ပြည်သူတို့၏နစ်နာမှု၊ အဆင်မပြေမှုများနှင့်စပ်လျဉ်း၍ ထိထိရောက်ရောက်တိုင်တန်းရန် လိုအပ်

**မကွေး ဇူလိုင် ၂၅**
မကွေးတိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူများကြားဖြစ်ပွားလျက်ရှိသော လယ်ယာမြေပြဿနာများ၊ အခြားနစ်နာမှု၊ မကျေနပ်မှု၊ အဆင်မပြေမှုများ၊ အသနားခံမှုများနှင့်ပတ်သက်သည့် ကိစ္စရပ်များအပေါ် တိုင်ကြားလိုသူများအနေဖြင့် ထိထိရောက်ရောက်တိုင်တန်းရန် လိုအပ်နေကြောင်း မကွေးတိုင်းဒေသကြီးလွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ သိရသည်။

"တိုင်ကြားစာတွေက ကော်မတီကို တိုက်ရိုက်လိပ်မူတာဖြစ်ရမယ်။ အချက်အလက်အကိုးအကား ပြည့်ပြည့်စုံစုံ တိုင်တန်းဖို့လိုပါတယ်။ အချက်အလက် ပြည့်စုံရုံတင်မကဘဲ တိုင်တန်းသူရဲ့ အကြံပြုသဘောထားမှတ်ချက်တွေထည့်သွင်းတာကိုလည်း ကြိုဆိုပါတယ်။ ဥပမာအားဖြင့် ဘယ်လိုဖြေရှင်းသင့်တယ်၊ ဘယ်လိုဖြစ်ချင်တယ်ဆိုတဲ့ သဘောထားမှတ်ချက်တွေ ပါလာမယ်ဆိုရင် ကော်မတီကဖြေရှင်းရတာ၊ ဖတ်ကြားရတာ ပိုလွယ်မယ်။ တစ်ခါတလေကျတော့ တိုင်ကြားသူရဲ့ ပညာရေးအခက်အခဲနဲ့ တိုင်တဲ့အလေ့အထမရှိတဲ့အတွက် စာအရေးအသားမချောမွေ့တာတွေရှိပါတယ်။ အချက်အလက်ကို အမှတ်စဉ်တပ်ရေးတာ ဒါမှမဟုတ် သူတို့ရဲ့ဖြစ်စဉ်အကျဉ်းချုပ်ကိုရေးမယ်။ ဒီဖြစ်စဉ်ကြောင့် သူတို့ရဲ့ နစ်နာမှုကိုရေးမယ်။ နစ်နာမှုကိုဆောင်ရွက်ရာမှာ ဘယ်လိုပုဂ္ဂိုလ်တွေ၊ ဌာနတွေဆိုတာပေါ်လွင်အောင်ရေးမယ်။ ဖြစ်စဉ်ဖြစ်ခဲ့တဲ့ နေ့စွဲ၊ သူတို့နစ်နာမှုနဲ့အတူ ဖြေရှင်းပေးစေချင်တာကိုရေးမယ်ဆိုရင်တော့ ကော်မတီအစည်းအဝေးလုပ်တဲ့အခါမှာ လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးကျော်က ပြောသည်။

တိုင်ကြားစာများကို ဖြေရှင်းသည့်အခါ ကော်မတီဝင် ၁၁ ဦးအပြင် မြို့နယ်အလိုက်ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူပြီး တိုင်ကြားစာဖြေရှင်းမှု၊ ကြားနာမှုတွင် ယင်းကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သည့်အတွက် တိုင်ကြားသူများအနေဖြင့် သက်ဆိုင်ရာမြို့နယ် ကိုယ်စားလှယ်များကိုလည်း တင်ပြထားရန် လိုအပ်ကြောင်း ကော်မတီဥက္ကဋ္ဌက အကြံပြုသည်။

တိုင်ကြားသည့်အခါ ကော်မတီနှင့် အခြားပုဂ္ဂိုလ်၊ ဌာနတစ်ခုခုကို ပူးတွဲလိပ်မူခြင်း၊ ကော်မတီသို့ မိတ္တူပေးခြင်းများကို ရုံးလုပ်ထုံးလုပ်နည်းအရ တိုက်ရိုက်ဖြေရှင်းဖို့တာဝန်မရှိကြောင်း၊ ပုဂ္ဂိုလ်ရေးတိုင်တန်းစာ၊ ပစ်စာများကို ဖြေရှင်းမည်မဟုတ်ကြောင်း၊ တရားရုံးတွင် ရင်ဆိုင်နေဆဲအမှုအခင်းများကို ကော်မတီအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်ကို စွက်ဖက်သည့်အဓိပ္ပာယ်မျိုး မသက်ရောက်စေရန်တိုက်ရိုက်ဝင်ရောက်ဖြေရှင်းမည်မဟုတ်ကြောင်း၊ လွှတ်တော်သည် ဥပဒေပြုခြင်း၊ အစိုးရကို စောင့်ကြည့်ထိန်းညှိလေ့လာခြင်း၊ ပြည်သူကိုကိုယ်စားပြုခြင်းဆိုသည့် အဓိကတာဝန်သုံးရပ်သာရှိသည့်အတွက် ပြဿနာများကို ဖြေရှင်းသည့်အခါ လွှတ်တော်စဉ်းစားနည်းအတိုင်းသာ စဉ်းစားပြီး ဥပဒေပြုမဏ္ဍိုင်၏ လုပ်ပိုင်ခွင့်ဘောင်ကိုကျော်ကာ အုပ်ချုပ်ရေး စဉ်းစားနည်း၊ဆုံးဖြတ်နည်းအတိုင်း ဆောင်ရွက်မည်မဟုတ်ကြောင်း ကော်မတီမှ သိရသည်။

ကော်မတီစတင်တာဝန်ယူစဉ်မှစ၍ သုံးလတာကာလအတွင်း ကော်မတီသို့ တိုက်ရိုက်တိုင်ကြားလာသည့် တိုင်ကြားစာ ၁၈၀ ရှိပြီး မြေယာပြဿနာများမှာ တိုင်ကြားစာများ၏ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်နေကြောင်း၊ တိုင်စာများနှင့်ပတ်သက်ပြီး ခရိုင်အလိုက် တာဝန်ယူထားသည့် ကော်မတီအဖွဲ့ဝင်များအနေဖြင့် ပြည်သူများအတွက် လတ်တလောဖြေရှင်းနိုင်သည့် ကိစ္စများကို ဦးစားပေးဖြေရှင်းရန် ၆/၂၀၁၆ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ ၊ကော်မတီသည် တစ်ဦးတစ်ယောက်တည်းသဘောထားဖြင့် ဆောင်ရွက်ခြင်းမျိုးမဟုတ်သည့်အတွက် ကော်မတီ၏ သဘောထားမှတ်ချက်များကို တိုင်စာတစ်ခုချင်းအပေါ်မှာရယူပြီး သက်ဆိုင်ရာဌာနများ၊ ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းပေးသင့်သည့်ကိစ္စကို ညှိနှိုင်းပေးကာ သက်ဆိုင်ရာအစိုးရ၊ ဝန်ကြီးဌာနများကို လွှတ်တော်မှတစ်ဆင့် တင်ပြရန်၊ သဘောထားမှတ်ချက်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း ကော်မတီပြောရေးဆိုခွင့်ရှိသူထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## ပဲတီစိမ်းပေါ်ချိန် ပဲကောက်အလုပ်သမား ရှားပါး



**သာစည် ဇူလိုင် ၂၅**
ပဲတီစိမ်းပေါ်ချိန် ပဲကောက်အလုပ်သမားခေါ်ယူရာတွင် ယခင်နှစ်ကထက်အလုပ်သမားခ ပိုပေးရသော်လည်း အလုပ်သမားရှားပါးလျက်ရှိကြောင်း သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာ ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

ပဲကောက်အလုပ်သမားရှားတဲ့အတွက် ကိုယ့်ရွာနဲ့အနီးတစ်ဝိုက်ရွာတွေတင်မကပါဘူး တစ်ခါတစ်ရံ အဝေးရွာတွေကိုပါ သွားရှာပြီး ခေါ်ရတာရှိပါတယ်။ ကိုယ့်ရွာနဲ့အနီးပတ်ဝန်းကျင်ရွာကပဲ ကောက်လိုက်တဲ့သူတွေကလည်းကိုယ်တစ်ဦးတည်းမဟုတ်တော့ အခြားအခင်းရှင်တွေနဲ့ တစ်လှည့်စီစောင့်ခေါ်ရပါတယ်။ ပဲတီစိမ်းတစ်ဧကကို ငါးရက်ခြားတစ်ကြိမ်နှုန်းနဲ့ ငါးကြိမ်လောက်ကောက်ရပါတယ်။ အလုပ်သမားလေးယောက်ငှားပြီး ကောက်မယ်ဆိုရင် တစ်ကြိမ်ကိုသုံးရက်လောက်ကောက်ရပါတယ်။ အလုပ်သမားခက တစ်ရက်ကို တစ်ယောက်သုံးထောင်ပေးရပါတယ်။ အသီးဖြိုင်ဖြိုင်ပေါ်တဲ့အချိန်ဆို အလုပ်အချိန်မီပြီးအောင် ကိုယ့်အိမ်ကလူတွေလည်း ဝင်ကောက်ပါတယ်' ဟု ပဲတီစိမ်း ၁၀ ဧကခန့်စိုက်ထားသူ ကွမ်းခြံရိုးကျေးရွာမှ မအေးစုမောင်က ပြောသည်။

ပဲတီစိမ်းသည် အထွက်နှုန်းအားဖြင့် ရာသီဥတုပေါ်မူတည်၍ တစ်ဧကလျှင်တင်းနှစ်ဆယ်မှ သုံးဆယ်ထိထွက်ရှိနိုင်ပြီး ရေဆင်း ၁၁ မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ‘မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ’ ကာတွန်းပြပွဲ မန္တလေးမြို့တွင် သုံးရက်ကြာကျင်းပမည်

**မန္တလေး ဇူလိုင် ၂၅**
၂၁ ရာစု ပင်လုံညီလာခံကို ကြိုဆိုထောက်ခံသည့်အထိမ်းအမှတ် ‘မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ’ ကာတွန်းပြပွဲကို မန္တလေးမြို့ မင်္ဂလာမန္တလေး အနုပညာလမ်းရှိ သီရိပန်းချီအနုပညာပြခန်းတွင် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂ ရက်ထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မန္တလေးမြို့မှ ကာတွန်းဆရာများ၏ ငြိမ်းချမ်းရေးအသိအမြင်ရစေမည့် ကာတွန်းလက်ရာများကို ခံစားလေ့လာကြည့်ရှုရမည်ဖြစ်ပြီး ပြပွဲသို့ လာရောက်ကြည့်ရှုသူများအား အထူးအစီအစဉ်အဖြစ် ဂီတပညာရှင်များဖြစ်သည့် မောင်မောင်ဇော်လတ်၊ ဂျီလတ်၊ သအို၊ ကိုအောင်၊ လင်းလင်းတို့ သီဆိုထားသော ‘မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ’ သီချင်းဒီဗီဒီခွေကို အခမဲ့ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

‘လူငယ်တွေကြားမှာ ငြိမ်းချမ်းရေးဆိုတဲ့ အသိပိုပြီးပြန့်နှံ့စေဖို့ ကာတွန်းပြပွဲလုပ်ဖြစ်တာ။ ကိုမောင်မောင်ဇော်လတ်နဲ့ တိုင်ပင်ပြီး လူငယ်တွေငြိမ်းချမ်းရေးဆိုတာ ပိုစိတ်ဝင်စားအောင် မြန်မာပြည်ကြီးငြိမ်းချမ်းပါစေဆိုတဲ့ သီချင်းဒီဗီဒီကို ဝေသွားမှာဖြစ်ပါတယ်’ ဟု ပြပွဲစီစဉ်သူ ကိုပုညဆွေက ပြောသည်။ **(၀၀၂)**

## နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အားမြှင့်တင်ခြင်းအခမ်းအနား ပြုလုပ်

**တောင်ကြီး ဇူလိုင် ၂၅**
ငြိမ်းချမ်းရေးဖိုရမ် နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အား မြှင့်တင်ခြင်းအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲက ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင် တက်ရောက်ခဲ့သည်။

ယင်းနေ့အခမ်းအနားတွင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်က အဖွင့်စကားပြောကြားခဲ့သည်။ တောင်ကြီးမြို့ RCSS ဆက်ဆံရေးရုံးတာဝန်ခံ ဗိုလ်မှူးစိုင်းဦးနှင့် PNKO ဦးခွန်မြင့်ထွန်းတို့က အမှာစကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဦးငွေသိန်းက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းခေါင်းစဉ်ဖြစ်လည်းကောင်း၊ ဆလိုင်းဇကျဲအိုက ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်သန္တာဦးက အမျိုးသမီးများလုံခြုံရေးနှင့် ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်က အနာဂတ်မြန်မာနိုင်ငံတွင်ကျင့်သုံးရမည် ဖက်ဒရယ်စနစ်ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးတင်ပြခဲ့ကြသည်။

တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။ နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အား မြှင့်တင်ခြင်းအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်၊ ငြိမ်းချမ်းရေးဖိုရမ်ဖြစ်မြောက်ရေးအဖွဲ့များ၊ တောင်ကြီးမြို့ပေါ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးခေါင်းဆောင်ကိုယ်စားလှယ်များ၊ အမျိုးသမီးထုများ၊ ငြိမ်းချမ်းရေးကိုလိုလားသော ပြည်သူလူထုများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်ပေးကြရန်လည်း ယင်းနေ့အခမ်းအနားက တိုက်တွန်းခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## အောင်မြေကျောင်းတိုက်နှင့် အောင်မြေဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရွှေဘို ဇူလိုင် ၂၅**
ရွှေဘိုမြို့ အောင်မြေကျောင်းတိုက်နှင့် အောင်မြေဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကိုဇူလိုင် ၂၃ ရက်နံနက် ၈ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုလုပ်ငန်းများကို ရွှေဘိုမြို့ရှိ တပ်နယ်များမှ အရာရှိ၊ အရာခံ၊ တပ်သားစစ်သည်များ၊ ရွှေဘိုခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရွှေဘိုခရိုင် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရွှေဘိုခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ရွှေဘိုတပ်နယ်မှ တပ်နယ်မှူး၊ ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်တို့က သန့်ရှင်းရေးဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု အားပေးစကားများပြောကြားခဲ့ကြောင်း၊ ယင်းနေ့ကပြုလုပ်သော စုပေါင်းသန့်ရှင်းရေးသို့ လာရောက်ဆောင်ရွက်ကြသောသူများအား အောင်မြေကျောင်းတိုက်ဆရာတော်က ကောက်ညှင်းငချိတ်ပေါင်းနှင့် အကြော်ထုပ်များကို ပြန်လည်ဝေငှခဲ့ကြောင်း သိရသည်။

**စိုးသီဟ(ပြန်/ဆက်)**

## ကွမ်းလုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်

**ကွမ်းလုံ ဇူလိုင် ၂၅**
ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ချိန်ကို အနှောင့်အယှက်မဖြစ်စေဘဲ အသက် ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိနိုင်စေရေးအတွက် ရက် ၁၀၀ သစ္စာစီမံချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဦးနှင့်ဝန်ထမ်းများသည် ဇူလိုင် ၂၂ ရက်က ကွမ်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား၊ ကျောင်းသူ ၉၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသည့် အခြေခံပညာကျောင်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမတွင် ဇူလိုင် ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး ပုသိမ်မှ ဦးစီးအရာရှိ ဦးမြင့်ထွန်း ဦးဆောင်သောအဖွဲ့က နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီယာဉ်များနှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မြို့နယ် (ပြန်/ဆက်)

# မုံရွာမြို့တွင် မသန်စွမ်းသူများ သုတေသနလုပ်ငန်းဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၂၅**
မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် (ရန်ကုန်) မှ ကြီးမှူးပြီး မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် ရွှေဘိုခရိုင်များအတွင်းရှိမသန်စွမ်းသူများနှင့်ပတ်သက်ပြီး အခွင့်အရေးဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက်အတွင်းရှိ ခိုးသန်းကျောင်းတိုက်ဓမ္မာရုံ၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှာ မြန်မာနိုင်ငံက မသန်းစွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ကုလသမဂ္ဂတွင် ပါဝင်လက်မှတ်ရေးထိုးထားရာ မြန်မာနိုင်ငံအစိုးရအနေဖြင့် မသန်စွမ်းသူ အခွင့်အရေးတွေကို လက်တွေ့အကောင်အထည်ဖော်ရာတွင် မသန်စွမ်းသူများ ဘယ်လောက်ထိ အခွင့်အရေးများရရှိသည်ကို မသန်စွမ်းသူများဖြင့် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များဖြင့် စစ်တမ်းကောက်ယူပြီး သုတေသနစာတမ်းပြုနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

"ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်မှာတော့ မသန်စွမ်းသူများ အခွင့်အရေးတွေက အပိုဒ် (၅၀) လောက်တောင်ရှိတယ်။အများကြီးပါပဲ။ စစ်တမ်းကောက်ယူတဲ့အခါမှာ ဘယ်ဟာတွေကို အဓိကထားမလဲဆိုတော့ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ မသန်စွမ်းသူတွေက လူမှုရေးနယ်ပယ်တွေမှာ ဘယ်လောက်အထိ ပါဝင်ခွင့်တွေရနေသလဲ၊ မသန်စွမ်းသူတွေက နယ်ပယ်အသီးသီးမှာ ဘယ်လိုမျိုးခွဲခြားဆက်ဆံမှုတွေကို ခံနေရသလဲ၊ မသန်စွမ်းသူတွေက ပို့ဆောင်ဆက်သွယ်ရေးတွေ၊ သွားလာရေးတွေမှာ ဘယ်လောက်ထိ အဆင်ပြေပြေနဲ့ လက်လှမ်းမီသွားလာနေသလဲဆိုတာကို လေ့လာဆန်းစစ်သွားမှာပါ။ မသန်စွမ်းသူတွေကို အဲဒီလိုမေးမြန်းဖို့အတွက် ဘယ်သူတွေကို ရွေးမလဲ၊ ဘယ်သူတွေကိုမေးမလဲဆိုတာကို ဒီနေ့အလုပ်ရုံဆွေးနွေးပွဲမှာ တက်ရောက်လာတဲ့ မသန်စွမ်းတွေရဲ့ သဘောဆန္ဒအရ ရွေးချယ်သွားမှာပါ" ဟု အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် (ရန်ကုန်)မှ ဒေါ်မြတ်ဆုသွင် (လက်ထောက်သုတေသီ) က ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မသန်စွမ်းသူအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အား ခြုံငုံဆွေးနွေးခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်း၊ စက်ဝန်းအားဆွေးနွေးခြင်း၊ အစီရင်ခံစာတင်သွင်းမှုစီမံချက်ဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးပွဲပြုလုပ်ရခြင်းတို့အား ဆွေးနွေးခြင်း၊ ယခင်ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား မသန်စွမ်းသူကိုယ်စားလှယ်တစ်ဦးမှ ဆွေးနွေးခြင်း၊ သတင်းအချက်အလက်ကောက်ခံမည့်သူများအား ဒေသအလိုက် သတ်မှတ်ရွေးချယ်ခြင်း၊ ကြုံတွေ့လာနိုင်သည့် အခက်အခဲများအားကြိုတင်ခန့်မှန်းအဖြေရှာခြင်းနှင့် ငွေကြေးများခန့်မှန်းတွက်ချက်ခြင်းတို့ကို တက်ရောက်လာသော မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် (ရန်ကုန်)နှင့် ရွှေဘိုခရိုင်၊ မုံရွာခရိုင်တို့မှ မသန်စွမ်းသူများ၊ ကိုယ်စားလှယ်များမှ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

မုံရွာမြို့တွင်ကျင်းပသော မသန်စွမ်းသူများနှင့်ပတ်သက်ပြီး အခွင့်အရေးဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲသို့ ရွှေဘိုခရိုင်အတွင်းရှိ ရေဦး၊ ရွှေဘိုမြို့နယ်၊ မုံရွာခရိုင်အတွင်းရှိ ဘုတလင်၊ မုံရွာမြို့၊ ယင်းမာပင် ခရိုင်အတွင်းရှိ ကနီမြို့နယ်များမှ မသန်စွမ်းသူများနှင့် ကိုယ်စားလှယ် ၂၇ ဦး တက်ရောက်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် (ရန်ကုန်)မှ ကြီးမှူးကျင်းပသော အဆိုပါအလုပ်ရုံဆွေးနွေးပွဲများကို ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့နှင့် ကလေးမြို့တွင်လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မုံးမြို့နယ်ခွဲတွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင်လည်းကောင်းကျင်းပခဲ့ပြီး ဆက်လက်၍ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင်လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**မင်းဝေ(မုံရွာ)**

# သက္ကယ်တန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာတွင် ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပြိုမှုကြောင့် လူနေအိမ်များ ပြောင်းရွှေ့

**အင်္ဂပူ ဇူလိုင် ၂၅**
ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် သက္ကယ်တန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာတွင် ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းက ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပြိုမှုကြောင့် လူနေအိမ်များ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါမြစ်ကမ်းပါးပြိုကျမှုကြောင့် သက္ကယ်တန်းကျေးရွာအုပ်စုအတွင်းရှိ ဘုရားကျွန်းကျေးရွာ မြစ်ကမ်းအနီး ရှိလူနေအိမ် သက်ငယ်မိုး၊ ထရံကာ ၁၆ လုံးနှင့် လကျော်ကုန်းကျေးရွာ မြစ်ကမ်းအနီးရှိ လူနေအိမ် သွပ်မိုး၊ ပျဉ်ကာငါးလုံး၊ သက်ငယ်မိုး ထရံကာ ၂၀ လုံးတို့အား မြစ်ကမ်းပြိုကျမှုနှင့်ဝေးရာသို့ ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုတင်ပြောင်းရွှေ့ပေးခဲ့ပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ကျေးရွာနှစ်ရွာမှ လူနေအိမ်စုစုပေါင်း ၄၁ လုံး ပြောင်းရွှေ့ခဲ့ရသည်။

ယင်းကမ်းပါးပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း၊ ကမ်းပြိုမှုအန္တရာယ်ကြောင့် ကြိုတင်ပြောင်းရွှေ့အိမ်ထောင်စု ၄၆ စု၊ လူဦးရေစုစုပေါင်း ၁၇၃ ဦးတို့၏ ယာယီနေထိုင်စားသောက်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# လူထုအခြေပြု၍ ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်ဖြင့် တာရှည်ခံဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေ

**ကာလိ ဇူလိုင် ၂၅**
ရှမ်းပြည်နယ်တောင်ပိုင်း ကာလိမြို့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဌာနနှင့် UNODS တို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် "လူထုအခြေပြု၍ ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက် (ရှမ်းပြည်နယ်)" တာရှည်ခံဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီခွဲက ဝမ်ပတ်ကျေးရွာအုပ်စု ကုန်းဆာကျေးရွာဘုန်ကြီး ကျောင်း၌ ပြုလုပ်ရာ ဒေါက်တာခွန်သန်းဆွေနှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာပြည်သူများအား တာရှည်ခံဆေးစိမ်ခြင်ထောင် ၃၂၃ လုံးကို အိမ်ထောင်စု ၁၀၄ စုအတွက် အခမဲ့ဖြန့်ဝေပေးပြီး သုံးစွဲပုံသုံးစွဲနည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**ကာလိ(ပြန်/ဆက်)**

# မတ္တရာမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မတ္တရာ ဇူလိုင် ၂၅**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဇူလိုင်လ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီခွဲက မတ္တရာမြို့ အမှတ် (၅) ရပ်ကွက် နေပူခံဘုရားဝင်းအတွင်း ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကုက္ကို၊ လျှော်ဖြူ၊ တမာ၊ ယင်းမာ၊ ယူကလစ်၊ စွယ်တော်နှင့် မဲဇယ် စုစုပေါင်းအပင် ၄၃၀ ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမောင်မောင်အေးနှင့် ဦးမင်းမင်း၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများမှ စုပေါင်းစိုက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကလေးတက္ကသိုလ်တွင် အခြေခံရှေးဦးသူနာပြုသင်တန်းဖွင့်

**ကလေး ဇူလိုင် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးတက္ကသိုလ်တွင် ၂၀၁၅- ၂၀၁၆ ပညာသင်နှစ် အခြေခံရှေးဦးသူနာပြုသင်တန်းအမှတ်စဉ် (၁/၂၀၁၆)သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲက ကလေးတက္ကသိုလ် ကဘော်(၃) ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေနှင့် တွဲဖက်ပါမောက္ခနှင့် အဖွဲ့ဝင်များ၊ စီမံအရာရှိများ၊ သင်တန်းတက်ရောက်မည့် ကျောင်းသားကျောင်းသူများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး (ပထမတန်း) ဦးတင့်ဝေ၊ ဦးစီးမှူး(ဒုတိယတန်း) ဦးကြည်ဇော်ဝေတို့က ဟောပြောပို့ချသင်တန်းပေးခဲ့ကြကာ အဆိုပါသင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ဝါရှောင်ကျေးရွာအုပ်စု လွယ်ကျော်ကျေးရွာ၌ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲ ကျင်းပ

**ဝိုင်းမော် ဇူလိုင် ၂၅**
ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအုပ်စု လွယ်ကျော်ကျေးရွာအား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာနေပြည်သူများ၏ နေအိမ်မြေအငှားဂရန်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပြီး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၃ နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာမြေငှားဂရန်များအား ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျေးရွာမြေငှားဂရန် ထုတ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက 'နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှုနှင့် ရက် ၁၀၀ စီမံချက်အရ မြို့နယ်အတွင်းရှိ ကျေးရွာများမှာ လယ်ယာမြေမပါဘဲ နေအိမ်ခြံမြေဆောက်လုပ်ခွင့်ရ မြေကွက်တွေမှာ အရှုပ်အရှင်းကင်းရှင်းစွာနဲ့ နေထိုင်တဲ့ကျေးရွာတွေကို ကျေးရွာမြေငှားဂရန်ဆောင်ရွက်ပေးခြင်း လုပ်ငန်းကို ဦးစားပေးလုပ်ဆောင်ပေးတာဖြစ် ပါတယ်"ဟု ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူ တစ်ဦးဖြစ်သည့် ဦးဆီပေါင်းက "ကျွန်တော်တို့ ကျေး ရွာမှာ အခုလို မြို့မှာရှိတဲ့ နေအိမ်တွေနဲ့မခြား မြေဂရန်ရရှိလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ အခု ကျေးရွာမှာ လာပြီး ဂရန်တွေ စလုပ်ပေးမယ်ဆိုတော့ ဝမ်းသာပီတိဖြစ်ခဲ့ရပြီး ဒါဟာ မြေပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းရရှိတယ်ဆိုရင်လည်း မမှားပါဘူး"ဟု ရှင်းလင်းပြောကြားသည်။

ကျေးရွာမြေငှားဂရန်ထုတ်ပေးရာတွင်ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအုပ်စု လွယ်ကျော်ကျေးရွာတွင် အိမ်ခြေ ၁၀၃ အိမ်အတွက် ကျေးရွာမြေငှားဂရန် ၁၀၃ ခုအား လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာနေ ပြည်သူများ အင်အား ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**ရာဇာဖွား(မြစ်ကြီးနား)**

# ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပ

**အင်းတော် ဇူလိုင် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အ. ထ. က ရွှေရတုခန်းမ၌ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မော်မော်အောင်က "ကျောင်းသား၊ ကျောင်းသူများ အနေနဲ့ မြန်မာ့ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားဖို့လိုပါတယ်။ အဝတ်အစားဝတ်ဆင်ရာတွင်လည်း မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ကြရန်နှင့် တိုင်းတစ်ပါးဝတ်စားဆင်ယင်မှုကို အတုယူမမှားကြရန်လိုအပ်ပြီး မိမိတို့ရဲ့ဘာသာစကား၊ မိမိတို့ရဲ့ ကိုးကွယ်ရာဘာသာကိုလည်း လေးစားတန်ဖိုးထားကြရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်စုဝေလွင်က ကျောင်းသား၊ ကျောင်းသူများ မြန်မာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူမှုဆက်ဆံပုံစနစ်များကို power point ဖြင့် အကျယ်တဝင့် ရှင်းလင်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လက်ထောက်ဆရာဝန်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ကျော်မြိုင်**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကမ်းခြေတွင် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ချောင်းသာဒေသခံတို့ စုပေါင်း၍ ကမ်းခြေသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ကြရာ HCTA ကျောင်းအုပ်ကြီး ဦးအုန်းကျော်နှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူ ၁၃၀၊ ချောင်းသာကမ်းခြေမှ ဌာနဆိုင်ရာများ၊ ပါရမီနာရေးကူညီမှုအသင်းသားများ၊ ပညာတံခွန်စာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များ၊ ကမ်းခြေဓာတ်ပုံဆရာများ၊ ရွာသူ၊ ရွာသားများ စုစုပေါင်း ၂၁၀ ခန့်မှ ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ကိုကိုမောင်(ပြန်/ဆက်)

# ကလေးဝမြို့၌ ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် စိုးရိမ်ရေမှတ်ရောက်ရှိ



**ကလေးဝ ဇူလိုင် ၂၅**
ယခုအခါ ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၃ ရက် နံနက်မှ စတင်၍ စိုးရိမ်ရေအမှတ်သို့ ဒုတိယအကြိမ်ရောက်ရှိနေသဖြင့် ကလေးဝမြို့ အနိမ့်ပိုင်းရပ်ဖြစ်သည့် မြို့သာရပ်၊ ချမ်းအေးသာယာရပ်နှင့် ချင်းတွင်းမြစ်ကမ်းဘေးကျေးရွာအချို့တွင် ရေစတင်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ပထမအကြိမ်၌ ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၉ ရက် နံနက်ပိုင်းမှ စတင်၍ စိုးရိမ်ရေအမှတ် ၁၅၅၀ စင်တီမီတာအထက်သို့ ကျော်လွန်၍ အမြင့်ဆုံးရေအမှတ် ၁၆၂၀ စင်တီမီတာအထိ ရောက်ရှိခဲ့ပြီး ဇူလိုင် ၁၈ ရက်တွင် ၁၄၆၇ စင်တီမီတာသို့ လျော့နည်းသွားခဲ့သည်။

**သက်ဟန်(ပြန်/ဆက်)**

# ကမ္ဘာ့အသည်းရောင်ရောဂါနေ့အထိမ်းအမှတ် သိကောင်းစရာများ ကျန်းမာရေးပညာပေး ဟောပြော

**မန္တလေး ဇူလိုင် ၂၅**
မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းဆေးပညာဌာန ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာညိုမိခိုင်သန်းလှိုင်နှင့် ဆေးပညာမိတ်ဆွေများအဖွဲ့က ဦးစီးကျင်းပသော ကမ္ဘာ့အသည်းရောင်ရောဂါနေ့အထိမ်းအမှတ်ဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျန်းမာရေးပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံအစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဝင်းနိုင်၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းဆေးပညာဌာနပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာညိုမိခိုင်သန်းလှိုင်၊ ခွဲစိတ်ကုပညာဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာရှိန်မြင့်တို့က မှိုပါသောအစားအသောက်များနှင့် အရက်သေစာသောက်သုံးခြင်းကြောင့် အသည်းရောဂါများဖြစ်ပွားခြင်း၊ အသည်းရောဂါလက္ခဏာများ၊ ကာကွယ်ကုသခြင်းတို့ကို ကျန်းမာရေးပညာပေးဟောပြောခဲ့ကြသည်။

အသည်းရောင်အသားဝါရောဂါသည် ဗိုင်းရပ်စ်ပိုး ဘီနှင့်စီကြောင့် ကမ္ဘာပေါ်တွင် လူသန်း ၅၀၀ ခန့် လူ ၁၂ ဦးတွင် တစ်ဦးသည် နာတာရှည်အသည်းရောင်ရောဂါဖြစ်ပွားနေပြီး အများစုမှာ ထိုသို့ကူးစက်ခံနေရကြောင်းကို မသိရှိကြပါ။ အေနှင့်အီးပိုးတို့သည် တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိသောကြောင့် အစားအသောက်နှင့် အသုံးဆောင်များတွင် မစင်အညစ်အကြေးကပ်ငြိပေကျံရာမှတစ်ဆင့် ကူးစက်ပြန့်ပွားသည်။

ဘီ၊ ဒီနှင့် စီပိုးတို့သည် ပိုးမရှိသူ၏အရေပြား၊ အမွေးပါး၊ အပေါက်အပြဲအတွင်းသို့ ရောဂါပိုးရှိသော သွေးနှင့် ခန္ဓာကိုယ်မှထွက်သော အရည်များဝင်ရောက်သွားရာမှ ကူးစက်ပြန့်ပွားသည်။ သာမန်နေထိုင်ဆက်ဆံရုံဖြင့် မကူးစက်နိုင်ပါ။ ဘီနှင့်စီပိုးတို့သည် အသည်းရောင်အသားဝါရောဂါ၊ အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာရောဂါတို့ ဖြစ်ပွားစေသည်။ အေနှင့်အီးပိုးတို့ကြောင့် နာတာရှည် အသည်းရောင်ရောဂါမဖြစ်ပါ။ အသည်းရောင်ရောဂါ၊ အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာရောဂါအများစုသည် ရောဂါလက္ခဏာ သိသာထင်ရှားစွာပြလေ့မရှိပါ။ တချို့တွင် တစ်ခါတစ်ရံ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ လေထိုးလေအောင့်ဖြစ်ခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဗိုက်နာခြင်း၊ ခေါင်းအုံခြင်း၊ ဆီးနီခြင်း၊ မျက်စိဝါခြင်း၊ အသားဝါခြင်း၊ သွေးအားနည်းခြင်း စသည်တို့ ဖြစ်ပေါ်တတ်သည်။

အသည်းရောင်အသားဝါပိုးများရှိ-မရှိကို သွေးစစ်ဆေးခြင်းဖြင့် သိရှိနိုင်သည်။ အေနှင့်အီးရောဂါကိုပိုးသေဆေးသုံး၍ ကုသရန်မလိုပါ။အစာအဟာရနှင့် ဓာတ်ကြီးလေးပါး ညီညွတ်မျှတအောင် ထိန်းကျောင်းပြုပြင်ခြင်းဖြင့် သက်သာပျောက်ကင်းနိုင်ပါသည်။ ဘီ၊ ဒီနှင့် စီရောဂါကို Interferon နှင့် ဘီပိုး၊ စီပိုး သေစေနိုင်သော သောက်ဆေးများဖြင့် ကုသ၍ရသည်။ သို့သော် ကာကွယ်ခြင်းသည် ကုသခြင်းထက် ငွေကြေးကုန်ကျမှုနည်းပြီး ပိုမိုကောင်းမွန်ပါသည်။ စီ၊ ဒီနှင့် အီးပိုးအတွက် ကာကွယ်ဆေးမရှိသေးကြောင်းနှင့် အေနှင့် ဘီပိုးကို ကာကွယ်ဆေးထိုး၍ ကြိုတင်ကာကွယ်တားဆီးနိုင်ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ၊ ဌာနမှူး ဒေါက်တာညိုမိခိုင်သန်းလှိုင်က ဟောပြောဆွေးနွေးခဲ့သည်။

ကျန်းမာရေးပညာပေးဟောပြောပွဲတက်ရောက်သူများအား ကမ္ဘာ့အသည်းရောင်ရောဂါနေ့အထိမ်းအမှတ် လက်ဆောင်ပေးခြင်း၊ ရေသန့်နှင့် မုန့်ဝေခြင်းအပြင် ၃၂ လက်မ တီဗွီ၊ ရေခဲသေတ္တာနှင့် အခြားဆုမဲများ ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကွမ်းစားသုံးမှုနှင့် မှုခင်းကျဆင်းရေး ဟောပြော

**မြင်းခြံ ဇူလိုင် ၂၅**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးတွင် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၃ နာရီက ကွမ်းစားသုံးမှုကျဆင်းပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးဟောပြောခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူးက မြင်းခြံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင်မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များမှ လှည့်ကင်း၊ ရပ်ကင်းများ မြို့ဝင်၊ မြို့ထွက်များတွင် ရှောင်တခင်စစ်ဆေးခြင်းများပြုလုပ်၍ ကြိုးစားဆောင်ရွက်နေကြကြောင်း၊ ပြည်သူများမှလည်း မှုခင်းကျဆင်းရေးအတွက် မသင်္ကာစရာများတွေ့ရှိပါက နီးစပ်ရာရဲကင်းများ၊ ရဲစခန်းများသို့ အကြောင်းကြားပေးစေလိုကြောင်းတို့ကို ဟောပြောခဲ့သည်။

ဆက်လက်၍ ကွမ်းစားသုံးမှုကျဆင်းပပျောက်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသင်းသီရိအောင်က ကွမ်းစားသုံးခြင်း၏ ဆိုးကျိုးများ၊ ရောဂါဖြစ်ပွားစေသော ဆေးပေါင်းများအကြောင်း၊ ကွမ်းစားသုံးခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းပြီး အမြင်မတင့်တယ်မှုများအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ကွမ်းစားသုံးမှုကျဆင်းပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲသို့ လေးအိမ်တန်းကျေးရွာနှင့် နီးစပ်ရာကျေးရွာများမှ ပြည်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာခဲ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ လှေလှော်ရေးခရီးထွက်ခွာ

**ရေး ဇူလိုင် ၂၅**
မွန်ပြည်နယ် ရေးမြို့နယ် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်မှုဖြင့် ရေးမြို့အပြင် သံဖြူဇရပ်မြို့နှင့် ကျိုက်မရောမြို့မှ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များအဖွဲ့က နေပြည်တော်လှေလှောရေးခရီးစဉ်ကို မော်လမြိုင်မြို့တွင် စုရပ်ထားပြီး လှေလှောရေးခရီးစဉ်ထွက်ခွာခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် ရေးမြို့နယ် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင် ၁၁ ဦးအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က အဆိုပါ မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များကို နေပြည်တော်လှေလှောရေးခရီးစဉ်အတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ အား ပေးအပ်ခဲ့သည်။ **ထွဋ်ထွဋ်(ရေး)**

# မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာအား မြစိမ်းရောင်ရန်ပုံငွေများ အသီးသီးလွှဲပြောင်းပေးအပ်

**မုံရွာ ဇူလိုင် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေရရှိသည့် ကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ မုံရွာမြို့နယ်အတွင်းမှာ မြစိမ်းရောင်ရန်ပုံငွေရရှိတဲ့ ကျေးရွာငါးရွာရှိပါတယ်။ ဒီငါးရွာထဲမှာ လှည်းဒါးကျေးရွာ၊ ပလ္လင်မြောက်ကျေးရွာ၊ တွင်းချောင်းကျေးရွာနှင့် ရှင်ငါးဆယ်ကျေးရွာတို့ကို မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါတယ်။ တဲတိုက်ကျေးရွာမှာက ရေဝင်နေတဲ့အတွက် ခေတ္တချန်လှပ်ပြီး ကျန်တဲ့လေးရွာကို ရန်ပုံငွေပေးအပ်ခြင်းဖြစ်ပါတယ်။ ရေပြန်ကျသွားတာနဲ့ ရန်ပုံငွေ အမြန်ဆုံး လွှဲပြောင်းပေးအပ်မှာဖြစ်ပါတယ်။ အဲဒီရန်ပုံငွေတွေကို ကျေးရွာအရောက် ဌာန၏ကြီးကြပ်မှုဖြင့် ကျေးရွာကကော်မတီတွေပူးပေါင်းကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ကျေးရွာပုဂ္ဂလိကမီးလင်းရေးစတဲ့ လုပ်ငန်းတွေကို လုပ်ငန်းအလိုက် ဆင်းရဲပြီး အရင်းအနှီးအမှန်တကယ်လိုအပ်သူတွေကို ဦးစားပေးစနစ်ဖြင့် ထုတ်ပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်၊ ဒေါ်အောင်ကြည်နှင့် မြို့နယ်စီ/ခန့်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခင်၊ ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းထွေး၊ မြို့နယ်ကျေးလက်ဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချိုနှင့် ဝန်ထမ်းများ၊ မုံရွာမြို့နယ်အတွင်းရှိ ပလ္လင်မြောက်ကျေးရွာ၊ လှည်းဒါးကျေးရွာ၊ တွင်းချောင်းကျေးရွာ၊ ရှင်ငါးဆယ်ကျေးရွာများ၏ ကော်မတီနှစ်ရပ်မှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ရန်ပုံငွေများအား တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ရာ မုံရွာမြို့နယ်အတွင်းရှိ ရှင်ငါးဆယ်ကျေးရွာတွင် ၁၃၈ ဦး၊ တွင်းချောင်းကျေးရွာတွင် ၈၉ ဦး၊ လှည်းဒါးကျေးရွာတွင် ၁၂၃ ဦး၊ ပလ္လင်မြောက်ကျေးရွာတွင် ၁၂၈ ဦးအား အနည်းဆုံး တစ်သိန်းနှင့် အများဆုံးသုံးသိန်းအကြား ထုတ်ချေးပေးမည်ဖြစ်သည်။ **ဖိုးချမ်း(မုံရွာ)**

# ဝါးခယ်မတွင် မျိုးသန့်စိုက်ပျိုးထုတ်လုပ်မှု ကောက်စိုက်စက်ဖြင့် ကောက်စိုက်စွမ်းရည်ပြပွဲ ပြုလုပ်

**ဝါးခယ်မ ဇူလိုင် ၂၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာအုပ်စု တောင်သူဦးရွှေပွား၏ မျိုးသန့်စိုက်ပျိုးထုတ်လုပ်မှု စံပြစိုက်ကွက်၌ ကောက်စိုက်စက်ဖြင့် ကောက်စိုက်စွမ်းရည်ပြပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

တောင်သူလယ်သမားများ ကြုံတွေ့နေရသော လယ်ယာလုပ်သားရှားပါးမှုကို ကောက်စိုက်စက်ဖြင့် အစားထိုး ဖြေရှင်းဆောင်ရွက်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အချိန်အားဖြင့် သက်သာစေခြင်း၊ သိပ္ပံနည်းကျ GAP စနစ်ဖြင့် ပျိုးထောင်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကြောင့် အပင်ပွားများများရရှိစေခြင်း၊ စိုက်စနစ်မှန်ကန်၍ အထွက်နှုန်းကောင်းစေခြင်း၊ ပင်ပွားများသည် မိခင်ပင်မကြီးနှင့်အပြိုင် အသီးများ ဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်း တိုးတက်ကောင်းမွန်စေခြင်း၊ ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရာတွင်လည်း အထောက်အကူဖြစ်စေခြင်းတို့ကို တောင်သူများသိရှိစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါသရုပ်ပြပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် ခရိုင်အဆင့် စိုက်ပျိုးရေးဦးစီးမှူး၊ စက်မှုလယ်ယာ



ဦးစီးမှူး၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ သဲကုန်း၊ ကြာဖြူ၊ ကြခတ်ကုန်း၊ တောင်အူချောင်းဖျားနှင့် ဦးကြီးတော်ကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

# နန်းနီရွာမှ အိုးတုတ်ကြီးများကို ဆိုင်ကယ်များဖြင့်တင်ဆောင်ကာ မိုဘိုင်းစနစ်ဖြင့် လှည့်လည်ရောင်းချ

**မန္တလေး ဇူလိုင် ၂၅**
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မြေအိုးနှင့်ပတ်သက်လာလျှင် တပ်ကြီးအိုး၊ စစ်ကိုင်းအိုး၊ ထနောင်းကိုင်းအိုးတို့မှာ နာမည်ရအိုးများပင်ဖြစ်သည်။ အိုးပုံသဏ္ဌာန်ကွဲပြားပြီး အိုးကိုကြည့်ရုံဖြင့် မည်သည့်ရွာကအိုးဆိုသည်ကို ခွဲခြားနိုင်ကြသည်။ အိုးတုတ်ကြီးများတွင် စဉ့်ကိုင်မြို့နယ် နန်းနီရွာမှပြုလုပ်သော အိုးတုတ်များမှာ နာမည်ရသည်။ အိုးတုတ်များကို ဆိုင်ကယ်များဖြင့်တင်ဆောင်ကာ သုံးစွဲသူထံ မိုဘိုင်းစနစ်ဖြင့် လှည့်လည်ရောင်းချလျက်ရှိသည်။ ဆိုင်ကယ်တစ်စီးလျှင် အိုးတုတ်အလုံး ၁၀ လုံးထိ သယ်ဆောင်ကြသည်။ အိုးတုတ်တစ်လုံးလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချသည်။

အိုးတုတ်များကို တစ်နှစ်ပတ်လုံး လှည့်လည်ရောင်းချကြသည်။ အိုးလုပ်နည်းမှာ သောက်ရေအိုးများလုပ်နည်းအတိုင်း အိုးအကြီး၊ အသေး ကွာခြားပြီး လုပ်ကိုင်သည့်နည်းစနစ် တူညီကြသည်။ အိုးလုပ်ရန်အတွက် မြေကို ရောစပ်ပြုလုပ်ကြရပြီး အိုးတစ်လုံးရရန် လက်ဝင်လွန်းလှသည်။ အိုးလုပ်ရန်အတွက် ပထမဦးစွာ မြေနီနှင့် မြေနက်ကို အချိုးကျရောစပ်ကြရသည်။

ရောစပ်ပြီးမြေများကို သန့်စင်ကာ ဖြန့်ခင်းပြီး ပေါင်ဖြင့် ခွေပတ်ထားကြသည်။ ထိုမြေများကို ရေဖြင့်ဖျော်ကာ အမှိုက်မပါအောင်စစ်ကာ လောင်းချပြီးသမအောင်မွှေနှပ်၍ ရွှံ့ဖြစ်အောင်ထားပေးရသည်။ဒေသအခေါ်အားဖြင့် မြေစိမ်သည်ဟုပင်ခေါ်သည်။

မြေစိမ်ပြီး တစ်ညအကြာတွင် မြေများကို ခြေဖြင့်နင်းကာ စေးပိုင်လာအောင် ပြုလုပ်ပေးရသည်။ ဒေသအခေါ်အားဖြင့် မြေတုံးသည်ဟုခေါ်ကာ မြေတုံးပြီးသည်နှင့် အိုးထိန်းစက်ပေါ်တင်ကာ ပုံသွင်းယူကြရသည်။ပုံသွင်းပြီးပါက အကြမ်းထည်ရပြီး ထိုအကြမ်းထည်ကိုပင် လက်ဖြင့် ရိုက်ကာ အိုးပုံဖော်ကြရသည်။ လက်ရိုက်ရာတွင် အဝတ်ခံကာ လက်ရိုက်ဖြင့် စိတ်ရှည်စွာ ရိုက်ကြရသည်။ အိုးကောင်းကိုလိုချင်သမျှ နာနာရိုက်ပေးကြရသည်။ ထိုသို့ အိုးပုံသွင်းပြီး အိုးတစ်လုံးရလာသည်နှင့် နေရိပ်တွင်အစီအရီချကာ လှမ်းပေးထားကြရသည်။ နေရိပ်တွင် အိုးများခြောက်သွေ့သည်အထိ လှန်းပြီးပါက မြေအိုးများကို မီးဖုတ်ကြရသည်။

အိုးဖုတ်ခြင်းလုပ်ငန်းမှာလည်း လက်ဝင်လှသည်။အိုးဖုတ်သည့်ကျင်းအတွင်း ထင်းတစ်ထပ်၊ အိုးတစ်ထပ် ထည့်ကာ စနစ်တကျစီပေးရသည်။ နောက်ဆုံးအထပ်တွင် ကောက်ရိုးများကိုပုံကာ ရွှံ့ဖြင့် မံပေးကြရသည်။ ထိုသို့ ရွှံ့မံသရွတ်ကိုင်ပြီးသည်နှင့် အောက်ခြေမှစကာ မီးရှို့ပြီး အိုးဖုတ်ကြရသည်။ တစ်နာရီကျော်ကြာလျှင် အိုးကျက်သည်။ နောက်ရက်မှသာ အိုးများကို ထုတ်လေ့ရှိသည်။

**တိမ်တမန်**





စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့၌ မိုးတွင်းကာလအတွင်း တောင်ကျရေတိုက်စားမှုကြောင့် တောင်ပြိုကျကာ ရေမြောင်းများပိတ်ဆို့ပြီး လမ်းများရေတိုက်စားမှုဖြစ်ပေါ်နေသည့် ပင်ဟင်းခါးကျေးရွာအုပ်စုအတွင်းရှိ ပင်ဟင်းခါးတောင် ဗန်းမောက်မံစီလမ်းပိုင်းအား ဇူလိုင် ၂၄ ရက်က မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ကျော်ဦးနှင့်အဖွဲ့က သွားရောက်ပြီး တောင်ပြိုကျမှုကြောင့် ပျက်စီးလျက်ရှိသည့် လမ်းပိုင်းများအား ပြန်လည်ပြုပြင်ခြင်း၊ ရေမြောင်းများဆည်ခြင်းတို့ကို စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ဗန်းမောက် (ပြန်/ဆက်)

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆက်လက်ဆောင်ရွက်

**မြစ်ကြီးနား ဇူလိုင် ၂၅**
မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၀ ရွာတို့၌ နိုင်ငံတော်အစိုးရ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာစီဖြင့် ကျေးရွာနေပြည်သူများ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါကျေးရွာများအနက် နန်းကွေ့နှင့် နောင်နန်းကျေးရွာတို့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်း၍ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအား စီမံကိန်းလုပ်ငန်းများအောင်မြင်ရေး ငွေစာရင်းဆိုင်ရာများ စနစ်တကျရှိရေးနှင့် ကျေးရွာနေပြည်သူများ စီမံကိန်းကြောင့် အမှန်တကယ်အကျိုးဖြစ်ထွန်းစေရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း စီမံကိန်းတိုးချဲ့ဆောင်ရွက်ရန် ကျေးရွာ ၁၂ ရွာကို ပဏာမရွေးချယ်ထားကြောင်း မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**(၄၉၉)**

## ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကွမ်းတံတွေးထွေးရန် ဘူးများဝေမည်

**ရန်ကုန် ဇူလိုင် ၂၅**
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ဦးဆောင်မှုဖြင့် ကွမ်းတံတွေးထွေးရန် ဘူးများလက်ဆောင်ပေးဝေခြင်းကို မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ခရီးသွားဧည့်သည်များ၊ ကားဆရာများနှင့် ဒေသခံပြည်သူများကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့နိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်သတိုးသူဇာအောင်က ပြောကြားရာတွင် "ပြည်သူများ အထူးဂရုပြုရှောင်ကြဉ်ရမယ့်အချက်ထဲမှာ ကွမ်းတံတွေးကို စည်းကမ်းမဲ့မထွေးဖြစ်အောင်လို့ ကွမ်းတံတွေးထွေးရန် ဘူးများကို လက်ဆောင်ပေးရခြင်းဖြစ်ပါတယ်။ ခရီးသွားများ လာရောက်မှုများပြားသည့် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းမှာ ကွမ်းဘူးဝေငှခြင်းကို ဇူလိုင် ၂၉ ရက်နဲ့ ၃၀ ရက်တွေမှာ ပြုလုပ်ဖို့ စီစဉ်ထားပါတယ်။ ကွမ်းဘူးပေါ်မှာ (UMTA)အသင်းလိုဂိုနဲ့ အလှူရှင်အသင်းသားလိုဂိုနှစ်ခုတို့ကို ရိုက်နှိပ်ထားမှာဖြစ်ပါတယ်။ ပညာပေးလှုံ့ဆော်ပွဲမှာ ပါဝင်လိုတဲ့ကုမ္ပဏီတစ်ခုလျှင် ငွေကျပ်တစ်သိန်းထည့်ဝင်ရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**အောင်သူရ**

## ဘောလခဲခရိုင်အတွင်းရှိ ကျေးရွာများသို့ မြေငှားဂရန်များ ကွင်းဆင်းဆောင်ရွက်

**ဘောလခဲမြို့ ဇူလိုင် ၂၅**
ကယားပြည်နယ် ဘောလခဲခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်များအတွင်းရှိ ကျေးရွာသုံးရွာတို့တွင် ကျေးရွာအရောက် မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားများကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘောလခဲခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ရက် ၁၀၀ စီမံချက်အရ ကျေးရွာအရောက် မြေငှားဂရန်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများက မြေငှားဂရန်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများမှ မြေခွန်တွက်ချက်မှုနှင့် မြေခွန်ပေးဆောင်ရမည့်အချက်များကို ကျေးရွာနေပြည်သူများအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ်၊ကျေးရွာ မြေငှားဂရန်ထုတ်ပေးရေးအဖွဲ့ဝင်များက မြေငှားဂရန်များ အသီးသီးပေးအပ်ရာ ကျေးရွာရှိ မြေငှားဂရန်ရရှိသူများက တစ်ဦးချင်းလက်ခံရယူခဲ့ပြီး ကျေးရွာကိုယ်စားလှယ်တစ်ဦးမှ ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဘောလခဲခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာများသို့ ကျေးရွာမြေငှားဂရန်များ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ဘောလခဲမြို့နယ် ဝမ်ချယ်ကျေးရွာတွင် ကျေးရွာမြေငှားဂရန် ၇၉ ခု၊ ဖားဆောင်းမြို့နယ် စုစည်းကျေးရွာတွင် ကျေးရွာမြေငှားဂရန် ၇၂ ခု၊ မယ်စဲ့မြို့နယ် နန်းပင်လိန်ကျေးရွာတွင် ကျေးရွာမြေငှားဂရန် ၇၄ ခု စုစုပေါင်း ကျေးရွာ မြေငှားဂရန် ၂၂၅ ခု ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ကျေးလက်လုပ်ငန်းများနှင့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မိုးညို ဇူလိုင် ၂၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အတူ ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းလွင်၊ သာယာဝတီခရိုင်ဦးစီးမှူး ဦးဇော်မိုးတို့လိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်းမြို့နယ်များရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေး၊ မီးလင်းရေး၊ လမ်းတံတားလုပ်ငန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များအား ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်သောအဖွဲ့သည် မွန်းလွဲ ၃ နာရီတွင် မိုးညိုမြို့သို့ရောက်ရှိ၍ မြို့နယ်ကျေးလက်ဦးစီးဌာနရုံး ဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုခဲ့ပြီး မိုးညိုမြို့နယ်အတွင်း ကျေးလက်ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (Community Driven Deveopment Project ) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးနေမျိုးမင်းနှင့် နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါ်နန်းမမမျိုးတို့က မိုးညိုမြို့နယ် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်ဝက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့သည်။

**သူရအောင်(ပြည်)**



## ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA မှ အားကစားပစ္စည်းများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၅**

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA မှ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) သို့ လှူဒါန်းသည့် GYM ခန်းသုံး အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီက အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)၌ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ KOICA Myanmar Office မှ Senior Deputy Country Representative Mr.Moon Song Won နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)မှ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးစိုးညွှန့် နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး KOICA Myanmar Office မှ Senior Deputy Country Representative Mr.Moon Song Won u GYM ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ Mr.Moon Song Won u GYM အားကစားပစ္စည်းများကို အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီးဦးစိုးညွှန့်ထံ လွှဲပြောင်းပေးအပ်ပြီး Mr.Moon Song Won ထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ကျောင်းအုပ်ကြီးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် Korea Oversea Volunteer GYM နည်းပြ Mr. Kim Kaung S က (ခေါ်) ဦးတာရာက လှူဒါန်းသည့် GYM အားကစား ပစ္စည်းများနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များအား ရှင်းလင်းပြောကြားကာ အားကစားနည်းပြများအား အမှတ်တရတီရှပ်များ ပေးအပ်ခဲ့သည်။

ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA အနေဖြင့် GYM အားကစားပစ္စည်းများကို အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ရှိ သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်နိုင်စေရန် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် ရက်မှစ၍ ဝယ်ယူတပ်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး ပစ္စည်းအမျိုးပေါင်း ၂၁ မျိုး၊ ပစ္စည်းအရေအတွက်ပေါင်း ၁၆၂ ခု၊ တန်ဖိုးအားဖြင့် ငွေကျပ် ၁၈၉၄၅၀၀၀ ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

## သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်ခြင်း တောင်သူပညာပေးလက်တွေ့သရုပ်ပြ

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၅**

ကရင်ပြည်နယ်အတွင်း ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး လယ်ယာကုန်ထုတ်လုပ်မှု၌ မိုးစပါးတစ်ဧကအထွက်နှုန်းတိုးစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိရာ ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်သူဦးသက်လွင်၏ လယ် ငါးဧကတွင် သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်ခြင်းတောင်သူ ပညာပေး လက်တွေ့သရုပ်ပြသခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြောင်း သိရသည်။

ရှေ့ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးမှူး ဦးသက်လွင်က သိပ္ပံနည်းကျပေါင်းစနစ်ဖြင့်ပျိုးထောင်ခြင်းကြောင့် မျိုးစပါးအလေအလွင့်နည်းပါစေခြင်း၊ စပါးအနှံပင်ပွားများခြင်း၊ ကျန်းမာသန်စွမ်းသော ပျိုးပင်များရရှိစေခြင်းနှင့် စပါးအထွက်နှုန်းတိုးခြင်းတို့ကို တောင်သူများအား အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးမှူးနှင့်ဝန်ထမ်းများက တက်ရောက်လာသော ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများအား သီးထပ်ရင်စပါးမျိုးအား သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင် စိုက်ပျိုးနည်းကို လက်တွေ့သရုပ်ပြသပြီး စုပေါင်းပျိုးထောင်စိုက်ပျိုးပေးကြကြောင်း သိရသည်။

ကိုမျိုး(ကြာအင်း)

## စိုက်ပျိုးရေး ဖွံ့ဖြိုးရေး တိုးချဲ့ပညာပေးနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်းဆင်းပြီး

ဘားအံမြို့တွင် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အများပြည်သူများကျယ်ကျယ် ပြန့်ပြန့်သိရှိနားလည်ပြီး အသိပညာ၊ အတတ်ပညာများ ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တိုးချဲ့ပညာပေးနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်းဆင်းပွဲကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက စက်မှုသီးနှံရုံး စိုက်ပျိုးရေးသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦးက သင်တန်းဆင်းအောင်မှတ်များကို ပေးအပ်ရာ သင်တန်းသူများ၏ ကိုယ်စား စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ဦးက လက်ခံရယူသည်။

ထို့နောက် သင်တန်းသားတစ်ဦးဖြစ်သူ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးမင်းထွန်းနိုင်က သင်တန်းအတွေ့အကြုံများအား ရှင်းလင်းပြောကြားသည်။

ထိုသင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ စိုက်ပျိုးရေး၊ မြေစာရင်း၊ ရေအရင်းအမြစ်၊ စက်မှုလယ်ယာဌာနများမှ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး သတင်းစာအခြေခံ၊ တောင်သူများနှင့် တိုးချဲ့ပညာပေး သတင်းအရေးပါမှု၊ Extension & Rural Science နှင့် တိုးချဲ့ပညာပေး ဝန်ထမ်းကျင့်ဝတ်များ၊ ခရီးသွား ဆောင်းပါးနှင့် လယ်ယာကဏ္ဍ အခြေခံ ဆောင်းပါးရေးသားခြင်း၊ လယ်ယာ သတင်းနှင့် ကိန်းဂဏန်းအချက်အလက် ရေးသားတင်ပြခြင်း၊ ပြည်သူ့ဆက်ဆံရေးပညာနှင့် နိုင်ငံပိုင်သတင်းစာများ၊ လူမှုဆက်ဆံရေးနှင့်သတင်းအရေးပါမှု၊ သတင်းစာနှင့်ဂျာနယ်များသို့ သတင်းရေးသားပေးပို့မှု၊ နှစ်ရှည်ပင်များ၏ သဘောသဘာဝနှင့် တိုးချဲ့ပညာပေး ဝန်ထမ်းများ၏ အရေးပါမှု၊ တောင်သူများ၏သဘောသဘာဝ အစရှိသည့် ဘာသာရပ်များကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်ထိ ခုနစ်ရက် ကြာ ဖွင့်လှစ်သင်ကြားပေးသဖြင့် ကျေးလက်နေတောင်သူများပါမကျန် လူမှုဘဝ အကျိုးစီးပွား မြင့်မားတိုးတက်စေရေး အတွက် ဌာနနှင့် ပြည်သူပူးပေါင်း ဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မီဒီယာ ကဏ္ဍမှတစ်ဆင့် ချပြခွင့်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

## ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် သက်တမ်းလွန်ဆေးဝါးရောင်းချခြင်းမရှိစေရေး ပညာပေး

**ဗန်းမောက် ဇူလိုင် ၂၅**

ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ ဆေးဝါးရောင်းချသည့်ဆိုင်များ၌ သက်တမ်းလွန်ဆေးဝါးရောင်းချခြင်းမရှိစေရေး ခရိုင်ဆရာဝန်လမ်းညွှန်ချက်အရ အသိပညာပေး စစ်ဆေးတားမြစ်ခြင်းကို ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီက ဆေးဝါးအရောင်းဆိုင်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်ဆေးဝါးဆိုင်များအား လိုအပ်သောဆေးဝါးများ ဝယ်ယူသုံးစွဲရာတွင် သက်တမ်းလွန်သည်၊ မလွန်သည်ကို အင်္ဂလိပ်စာမဖတ်တတ်သောသူများ မသိကြောင်း၊ အရောင်းဆိုင်ကပေးသည့်ဆေးကိုသာ ဝယ်ယူသုံးစွဲရသည့်အတွက် ယခုလို တတ်ကျွမ်းသူဆရာဝန်များက လမ်းညွှန်ကြီးကြပ်စစ်ဆေးပေးခြင်းကို အထူးပဲကျေးဇူးတင်ကြောင်း၊ ဆေးဝါးဝယ်သူသုံးစွဲသူတစ်ဦးက အကြံပြုပြောကြားခဲ့သည်။



ယင်းအပြင် ဗန်းမောက်မြို့နယ်ရှိ ဆေးအရောင်းဆိုင်များအား ဒေါက်တာဖြိုးကျော်အောင်နှင့်အဖွဲ့များ၊ ငှက်ဖျားတိုက်ဖျက်ရေး ကျန်းမာရေးဌာနဝန်ထမ်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်၊ အလုပ်အမှုဆောင် ဒေါ်ကျော့ယဉ်ဝင်းတို့ပူးပေါင်း၍ သက်တမ်းလွန်သောဆေးဝါးများကို ရောင်းချခြင်းမရှိစေရေး၊ ဆေးဝယ်ယူသုံးစွဲသူ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ သတိပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငွေအိုး(ကသာ)

## ပင်လည်ဘူးမြို့၌ ပြည်ထောင်စု၏အကောက်ခွန် ဆိုင်ရာ ဥပဒေရှင်းလင်းပွဲပြုလုပ်

**ပင်လည်ဘူး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မြို့နယ်အခွန်ဦးစီးဌာနမှ ကြီးမှူးပြုလုပ်သော အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အကောက်ခွန်ဆိုင်ရာ ဥပဒေရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ပင်လည်ဘူးမြို့ အ. ထ. က ဦးအောင်မြတ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဦးရဲမင်းသိန်းက အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အကောက်ခွန်ဆိုင်ရာအကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးမှူး ဦးရဲမင်းသိန်းက စီးပွားရေးလုပ်ငန်းရှင်များအား အထူးကုန်စည်ခွန်ဥပဒေများကို လိုက်နာပြီး ပေးဆောင်ရမည့်အခွန်များကို ပုံမှန်ပေးဆောင်ကြရန်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များကို ကျသင့်အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်များကို ဝယ်ယူရောင်းချခြင်း၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် စီးကရက်အမျိုးမျိုး၊ အရက်အမျိုးမျိုး၊ ဝိုင်အမျိုးမျိုး အစရှိသည့် အထူးကုန်စည်များကို အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိပါက ဝယ်ယူခြင်း၊ ရောင်းချခြင်း မပြုကြရန် ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အခွန်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

မျိုးလွင်(ပင်လည်ဘူး)

## တွံတေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်လျှော့ချနိုင်စေရန်အတွက် စုပေါင်းသစ်ပင်စိုက်ပျိုး

**တွံတေး ဇူလိုင် ၂၅**

တွံတေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်လျှော့ချနိုင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူတို့ပူးပေါင်း၍ တွံတေးအိုးဖိုသုသာန်တွင် ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီက စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့သည်။

တွံတေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးက သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းရာ လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများဖြစ်လာစေရန်နှင့် သဘာဝဘေးအန္တရာယ် လျှော့ချနိုင်ရန်ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးတင်အုန်းက သစ်ပင်စိုက်ပျိုးပုံအဆင့်ဆင့်နှင့် ပြုစုပျိုးထောင်နည်းအား ရှင်းလင်းပြီး သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက တွံတေးအိုးဖိုသုသာန်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ မာန်ကျဉ်းရှား၊ ပိတောက်၊ သစ်မာ အပင် ၁၀၀၀ နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သုသာန်အဝင်လမ်းတစ်လျှောက် ပန်းအလှပင် ၅၀၀ တို့အား တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

## ဖာပွန်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖာပွန် ဇူလိုင် ၂၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် တံခွန်တိုင်ကျေးရွာ သိမ်ကုန်းဘုရားဝန်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ပြီး ဒေသခံကျေးရွာနေပြည်သူများ သစ်ပင်စိုက်ပျိုးခြင်းအကျိုးကျေးဇူးများ သိရှိစေရန်ရည်ရွယ်၍ ရတနာတန်းဝင် ကျွန်း ၂၅၀ ပင်၊ ပျဉ်းကတိုး ၈၀ စုစုပေါင်း ပျိုးပင် ၃၃၀ ကို ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအောင်ဇော်ဦးနှင့်ဝန်ထမ်းများ၊ ကျေးရွာနေဒေသခံတိုင်းရင်းသားများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။

သိန်းစိုးမြင့် (ပြန်/ဆက်)


Vietjet နဲ့ ပျံသန်းဖို့အချိန်ရောက်ပါပြီ
ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာများနဲ့
ဗီယက်နမ်နိုင်ငံသို့ ပျံသန်းလိုက်ကြရအောင်
ရန်ကုန် ✈ ဟိုချီမင်းမြို့ (နေ့စဉ်ခရီးစဉ်)
၂၇ ဇူလိုင် မှ ၂၉ ဇူလိုင်
11:30 a.m,
Vietjet နဲ့အတူပျံသန်းဖို့ အချိန်ကျပြီ။
မြန်မာကျပ်ငွေ
www.vietjetair.com
0
ကျပ်နဲ့
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
Vietjet အရောင်းမြှင့်တင်ရေးအချိန်မှာ နိုးထလိုက်ပါ ! မနက် ၁၁ း ၃၀ မှာ Vietjet နဲ့ ပျံသန်းဖို့ ပြင်ဆင်ကြစို့
အခုဆို Vietjet လေကြောင်းလိုင်းဟာ ရန်ကုန်မှ ဟိုချီမင်းခရီးစဉ် အတွက် ၀ ကျပ်မှ စတင်တဲ့ ရာပေါင်းထောင်ပေါင်းများစွာရှိတဲ့ အထူး အရောင်းမြှင့်တင်ရေး လက်မှတ်တွေကို ဇူလိုင်လ ၂၇ ရက် ကနေ ဇူလိုင်လ ၂၉ ရက်အတွင်း မနက် ၁၁ း ၃၀ မှ နေ့လည် ၁ း ၃၀ အတွင်း www.vietjetair.com မှာ ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ခရီးသွားရက်တွေကတော့ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်ကနေ ဒီဇင်ဘာလ ၃၁ ရက်အထိပါ။
တက်ကြွလှပတဲ့ ဟိုချီမင်းမြို့ကိုပျံသန်းပြီး ဗီယက်နမ်မှာရှိတဲ့ ရင်သပ်ရှုမောဖွယ် အလှအပတွေကို ရှာဖွေတွေ့ရှိဖို့ Vietjet နဲ့ အတူပျံသန်းလိုက်ပါ။ ကမ္ဘာ့အကြီးဆုံး သဘာဝ လိုဏ်ဂူ Son Doong, နတ်ဘုံသဖွယ်လှပတဲ့ Ha Long Bay နဲ့ Da Nang, Nha Trang, Phu Quoc အစရှိတဲ့ စိတ်လှုပ်ရှားဖွယ် လှပတဲ့ ကမ်းခြေတွေ ကို အလည် သွားကြည့်လိုက်ပါ။
Vietjet နဲ့အတူပျံသန်းဖို့ နေ့စဉ် promotion တွေကို www.vietjetair.com မှာ မနက် ၁၁း၃၀ မှ နေ့လည် ၁ း ၃၀ အတွင်း ဝင်ရောက်ကြည့်ရှုလိုက်ပါ
vietjetAir.com
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
Mobile: http://m.vietjetair.com
Facebook: www.facebook.com/vietjetglobal
Tab "Booking"
AVIAREPS Myanmar
အခန်း(၁၀၆)၊ ပထမထပ်၊ယုဇနစီးပွားရေးတာဝါ၊ အမှတ် ၂၅၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်၊ မြန်မာ။
Tel : (+95-1) 53 94 84
Fax : (+95-1) 53 94 84
Hotline: (+95-9) 789 323 828
ငွေပေးချေနိုင်သည့် နည်းလမ်း: Visa/ Master/AMEX/JCB
* Terms & conditions
ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနှံ့ ✈ ဒါနန်း ✈ စပ် ✈ ဗင် ✈ ဟိုက်ဖွန်း ✈ ဟနွိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ဝမ် ✈ ကိုရီးယား ✈ ရန်ကုန်

# (၈)နှစ်မြောက်အလှူမင်္ဂလာဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ နိဂြောဓာလမ်း မောင်းထောင်ပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော် ဦးမဟောသဓပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတကျေးဇူးရှင်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးကို ပူဇော်သောအားဖြင့် ဆရာတော်ကြီးကိုယ်တိုင် အုတ်မြစ်ချခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မဒိုင်းကျင်းရွာ အောင်မြေဇမ္ဗူကျောင်းတော်ကြီး အောင်မြင်ပြီးမြောက်၍ ရေစက်ချခြင်းအလှူဒါနပြုလုပ်ပြီး၍ ယခုနှစ်လည်း နှစ်စဉ်နှစ်တိုင်းပြုလုပ်မြဲအတိုင်း အထူးအားဖြင့် ယခုနှစ်(၈)နှစ်ပြည့် အထိမ်းအမှတ် မဒိုင်းကျင်းရွာကျောင်းတိုက်အတွင်းရှိစေတီတော်မြတ်ကြီးအား အသစ်တစ်ဖန်ပြုပြင်ခြင်း၊ ထီးတော်တင်ခြင်း အလှူများကို ညီအစ်ကိုမောင်နှမများဦးစီး၍ တပည့်ဒါယကာ၊ ဒါယိကာမများ ပြုပြင်ပြီးစီးပြီးဖြစ်ပါ၍ ၂၈-၇-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် အလှူပွဲကြီးသို့ကြွရောက်ပါရန် အထူးဖိတ်ကြားအပ်ပါသည်။

**ညီအစ်ကိုမောင်နှမများနှင့်တပည့်များ**

LCCI - EDI (UK) မှ ချီးမြှင့်သောထူးချွန်သင်တန်းကျောင်းဆုရ
စီးပွားပန်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI စာရင်းကိုင်သင်တန်း Level 1-2-3
AutoCount Computerised Accounting
2016-December Series (August)တန်းခွဲသစ်များ(6.8.2016)မှ ဖွင့်မည်။
(15.8.2016) အတွင်းအပ်နှံသူများ 10%Discounts ရမည်။
09-5118647-73009869-73013432-73028433

World Hepatitis Day (2016)
" ELIMINATION "

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ထွက်ပြီး

• BREXIT နဲ့ သက်ရောက်မှုများ
• Facebook ရဲ့ အနာဂတ်ခြေလှမ်းများ
• H&M ဖက်ရှင်ကုမ္ပဏီကြီး၏ဥက္ကဋ္ဌ Stefan Persson
• ရွေးဆုံးက ဉာဏ်များ
တန်ဖိုး ၂,၅၀၀ ကျပ်
တုဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

t x|av|hp;zi|&m|i&e|f6nf
သယ်န်းကျွန်း၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျာ(၈)လမ်း၊ လမ်းသွယ်(၂)၊ ပေ(၄၀×၆၀) (ဂရန်အမည်ပေါက်)
အထူးဈေး-သိန်း ၁၇၈၀
ရုံးချိန်အတွင်း-၀၉-၇၉၉၆၆၆၀၇၂၊ ၀၉-၃၀၂၂၅၆၉၄၊ ၀၉-၇၃၁၇၇၅၅၇
မှတ်ချက်-ကျေးဇူးပြု၍ ကြော်ငြာကောက်မည့်သူများဆက်သွယ်ရန်မလိုပါ။

NELC
Don't Worry,Just Speak!
NELC
* တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အတွက်
Communicative English Classes
› Intro
› Level -1,2,3
› Listening /Speaking -1 & 2
› Grammar
› IELTS Foundation
စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။
Enroll Now!

မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING






TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

Myanmar Noble College
edexcel Approved Centre No.93711
UK နိုင်ငံ Edexcel ပညာရေးအဖွဲ့မှ တိုက်ရိုက်ချီးမြှင့်မည့် Higher National Diploma (HND) တန်းခွဲကို တက်ရောက်ရန်အတွက် Myanmar Noble College တွင် Foundation Course ကို July Intake တွင်ဖွင့်လှစ်ထားပါသည်။

>> Foundation Course
လိုအပ်သောအရည်အချင်း ● အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ
● GCE 'O' Level, IGCSE နှင့် LCCI Level "3" အောင်မြင်ပြီးသူများ
>> Higher National Diploma Courses
Business  Information Technology
Engineering ( Civil, Mechanical, Electrical & Electronic )
တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်သောကျောင်းသား/ကျောင်းသူများအတွက် Scholarship အစီအစဉ်
တစ်ဘာသာဂုဏ်ထူးရှင် (၁) သိန်း | သုံးဘာသာဂုဏ်ထူးရှင် (၄) သိန်း | ငါးဘာသာဂုဏ်ထူးရှင် (၁၀) သိန်း
